# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောကဌ် အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောကဌ်ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှု ကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)


၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ သောကြာနေ့။ Friday, 5 September 2025 ၁၁၉၃၁


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူးနှင့်တွေ့ဆုံဆွေးနွေး

## ဟေလုံကျန်းပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုလုပ်ငန်းများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၄**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒေသစံတော်ချိန် ယနေ့ညနေ ၆ နာရီတွင် ဟေလုံကျန်းပြည်နယ်ပါတီအတွင်းရေးမှူး Mr.Xu Qin နှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ★**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူး Mr.Xu Qin နှင့် တွေ့ဆုံဆွေးနွေးစဉ်။

## ယနေ့ ဖတ်စရာ


**စနစ်သစ်နှင့် ရွေးကောက်ပွဲဆီသို့ (၁)** — ဆောင်းပါး စာမျက်နှာ » ၆

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၅) ကျင်းပ** — စာမျက်နှာ » ၉

**အိမ်မဲမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိ** — စာမျက်နှာ » ၁၀

**အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေးကျင်းပ** — စာမျက်နှာ » ၁၂

ကြေးမုံ

# နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြစ်ပေါ်စေသည့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းဖော်ထုတ်

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ ၃ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပရာ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က “ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ခြင်းသာမက ယဉ်ကျေးသိမ်မွေ့ခြင်းနှင့်ပါပြည့်စုံသည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ကျင်းပပြုလုပ်ခြင်းသည်လည်း မြန်မာ့အနုပညာဖွံ့ဖြိုးတိုးတက်စေရုံသာမက ထူးခြားပြီး အနက်အဓိပ္ပာယ်ပြည့်ဝသည့် မြန်မာ့အနုပညာကို ကမ္ဘာကပင် တွေ့မြင်ကြရမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်နှင့်အဆင့်အတန်းကို ညွှန်းဆိုပြသမည်ဆိုလျှင် ထိုနိုင်ငံ၊ ထိုလူမျိုး၏ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော အနုသုခုမယဉ်ကျေးမှုအဆင့်အတန်း မည်မျှသက်တမ်းရှည်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှုနှင့် ရှေးအစဉ်အလာမပျက် ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျသည့်အချက်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက တည်တံ့ဖြစ်ထွန်းခဲ့သော ယဉ်ကျေးမှုအနုသုခုမပညာရပ်များသည် ယနေ့ထက်တိုင်အောင် အရှည်တည်တံ့ခိုင်မြဲပြီး ရှေးမူဟန်မပျက် ဖော်ထုတ်ပြသလျက်ရှိသည်ကို တွေ့မြင်ရသည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်နေစေရန်အတွက် ထိုနိုင်ငံ၏ အစဉ်အဆက်ယဉ်ကျေးမှုအမွေအနှစ်များကို ထုတ်ဖော်ပြသနိုင်မှုစွမ်းပကားများနှင့် သက်သေထူပြနိုင်သည်။ မျက်မှောက်ကာလတွင် ခေတ်ရေစီးကြောင်း တိုးတက်ပြောင်းလဲမှုကြောင့် တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်လွှမ်းမိုးလာချိန်တွင် မိမိနိုင်ငံ၊ မိမိယဉ်ကျေးမှုကို တန်ဖိုးထားထိန်းသိမ်းမြတ်နိုးကြရန် အထူးလိုအပ်လျက်ရှိသည်။ တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်လွှမ်းမိုးလာသောကြောင့် အထူးသဖြင့် လူငယ်လူရွယ်များသည် တိုင်းတစ်ပါးယဉ်ကျေးမှုကို အထင်ကြီးပြီး မိမိနိုင်ငံ၊ မိမိလူမျိုးအပေါ် တန်ဖိုးထားလေးစားမှု လျော့နည်းပါးလျားလာသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ယင်းသို့သောကာလတွင် မိမိနိုင်ငံ၊ မိမိယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ရာလည်းရောက်၊ ပြန်လည်ဖော်ထုတ်ခြင်းလည်းဖြစ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်အစိုးရအဆက်ဆက်တို့က အစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက် ပြန်လည်ဖော်ထုတ်ပေးလျက်ရှိသလို မိမိနိုင်ငံနှင့် မိမိလူမျိုးကို ချစ်မြတ်နိုးကြသော ပြည်သူအပေါင်းတို့ကလည်း အဆိုပါရိုးရာယဉ်ကျေးမှုပြိုင်ပွဲကြီးကို မြှင့်တင်အားပေးကြရမည်ဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်မှစတင်၍ နှစ်စဉ်အစဉ်အလာမပျက်ကျင်းပခဲ့ရာ ယခုအခါ (၂၆)ကြိမ်မြောက်ပြိုင်ပွဲကြီးကိုပင် ကျင်းပတော့မည်ဖြစ်သည်။

၁၉၉၃ ခုနှစ်မှစတင်ကျင်းပနိုင်ခဲ့သဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်အမျိုးမျိုးတို့သည် ယနေ့ထက်တိုင်အောင် မတိမ်ကောဘဲ မြန်မာပြည်သူများကြားတွင် တန်ဖိုးထားထိန်းသိမ်းအားပေးနေဆဲဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားသဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှု အစွန့်ရှည်တည်တံ့ခိုင်မြဲဖြစ်ထွန်းနေသည်မှာ ဂုဏ်ယူစရာကောင်းသလို ဝမ်းမြောက်စရာလည်းဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုပြိုင်ပွဲတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုကိုလည်း ထည့်သွင်းပေးခဲ့သည်။ နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်ပေါင်းများစွာ မတိမ်ကောမပပျောက်စေရေး၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို တန်ဖိုးထားလိုစိတ်၊ ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များကို လက်ဆင့်ကမ်းပေးဝေနိုင်ခဲ့သည်။

ယနေ့ကာလတွင် နိုင်ငံ၏လူသားအရင်းအမြစ်များဖြစ်သည့် မျိုးဆက်သစ်လူငယ်မောင်မယ်များအား အနာဂတ်နိုင်ငံတော်ကြီးကို ကောင်းမွန်စွာတည်ဆောက်နိုင်စေရေး၊ နိုင်ငံ့သားကောင်းများဖြစ်လာစေရေးကို ရည်မျှော်၍ ပြုစုပျိုးထောင်နေပြီး နိုင်ငံတော်ကို ကဏ္ဍစုံမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ၏ ရိုးရာအစဉ်အလာ ဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှုဆိုင်ရာ အတွေ့အကြုံဗဟုသုတများသည် နိုင်ငံတော်အပေါ် ချစ်ခင်မြတ်နိုးလိုစိတ်နှင့် မျိုးချစ်စိတ်တို့ကို ဖြစ်ပေါ်စေသည့် အခြေခံအကြောင်းတရားများဖြစ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမဆိုင်ရာပညာရပ်များကို မြတ်နိုးတန်ဖိုးထားပြီး လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်နေသည့် ပညာရှင်များနှင့် ဒေသအသီးသီးရှိ ဝါသနာရှင်မျိုးဆက်သစ်လူငယ်များက မကြာမီ ဆက်လက်ထိန်းသိမ်း ဖော်ထုတ်ကြတော့မည်ဖြစ်ပါကြောင်း။ ။


၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့

International Literacy Day 2025

“ဒစ်ဂျစ်တယ်ခေတ်ကို လိုက်မိဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့”

“Promoting literacy in the digital era”

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်


## ဘားအံမြို့နယ်၌ အောင်နိုင်တိုး မျိုးစပါးစိုက်ခင်း ကွင်းဆင်းကြည့်ရှု

ဘားအံ စက်တင်ဘာ ၄

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့မကယ်ကျေးရွာရှိ မိသားစုစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းက အသင်းအချင်းချင်း ပံ့ပိုးငွေဖြင့် မိုးစပါးစိုက်ပျိုးရေး စီမံကိန်းတွင် ပါဝင်စိုက်ပျိုးလျက်ရှိသည့် အသင်းသားတောင်သူ နော်ဖောကြည်၏ လယ်မြေတွင် စိုက်ပျိုးထားသည့် အောင်နိုင်တိုးမျိုးစပါးစိုက်ခင်းများကို ကရင်ပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးပွင့်နှင့် တာဝန်ရှိသူများ ကွင်းဆင်း ကြည့်ရှုသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် အသင်းသားတောင်သူများနှင့်တွေ့ဆုံကာ မိုးစပါးသီးနှံများ စိုက်ပျိုးရာ၌ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးစေရေး၊ မြေဩဇာများ အချိန်ကိုက် အချိုးကျ ထည့်သွင်းနိုင်စေရေး၊ ပိုးမွှားရောဂါများ မကျရောက်စေရေး၊ စိုက်ပျိုးသည့်နည်းစနစ် မှန်ကန်စေရေး စနစ်တကျ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ထားဝယ်မြို့နယ်၌ သမဝါယမကဏ္ဍ မိုးစပါး စိုက်ပျိုးထားမှု ကွင်းဆင်းကြည့်ရှု

ထားဝယ် စက်တင်ဘာ ၄

တနင်္သာရီတိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ၂၀၂၅–၂၀၂၆ ခုနှစ် သမဝါယမကဏ္ဍမှ မိုးစပါးစီမံကိန်း ဆောင်ရွက်သည့် ထားဝယ်မြို့နယ် ဘုမ္မော်ရပ်ကွက်၌ ရွှေဝါမြေ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးစိုက်ခင်းများတွင် ပေါင်းလိုက်တမန်းနှိုးခြင်းနှင့် ဓာတ်မြေဩဇာများ စုပေါင်း ကြဲပက်ခြင်းကို တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးရွှေဝင်း၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ ထားဝယ်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၄ - ၉ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၅၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၄ - ၉ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၃၀၀ | ၇,၃၀၀ | ၃၄၈ | ၂,၅၄၀,၄၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၁၄၇ | ၄၅၅,၇၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၁၆၀ | ၁,၁၈၄,၀၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၄,၉၂၄ | ၉,၆၀၁,၈၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၆၀၈ | ၁,၅၈၀,၈၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၃၁၄ | ၅၈၆,၉၀၀ |
| AMATA | ၃,၃၀၀ | ၃,၃၀၀ | ၄ | ၁၃,၂၀၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၅၁ | ၁၆၈,၃၀၀ |
| MADPL(PLB) | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှုန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



★ ရှေ့ဖုံးမှ

ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူးနှင့်အတူ ဟေလုံကျန်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) နှင့်တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ် ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားများကို အောင်မြင်စွာကျင်းပ ဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ သံတမန်ဆက်ဆံမှုသည် ၇၅ နှစ်တာကာလကို ကျော်လွန်ခဲ့ပြီဖြစ်ပြီး ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးသည့် ပူးပေါင်းဆောင်ရွက်မှုများရှိမှု၊ ဟေလုံကျန်းပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိမှု၊ အဆင့်မြင့်တက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်သင်ကြားလျက်ရှိမှုနှင့် မြန်မာနိုင်ငံမှ ပညာတော်သင်များ တက်ရောက်သင်ကြားလျက်ရှိမှု၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် သီးနှံများကို ဟေလုံကျန်း ပြည်နယ်သို့ တင်ပို့နိုင်မှု၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် နည်းပညာဖလှယ်မှုများ ဆောင်ရွက်နိုင်မှု၊ ပညာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်အောင်ဆောင်ရွက်နိုင်မှု၊ ဟေလုံကျန်းပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှု လုပ်ငန်းများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟေလုံကျန်းပြည်နယ်ပါတီအတွင်းရေးမှူး Mr.Xu Qin အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဩဂုတ်လအတွက် မီတာဖတ်ရှုနေမှုများ ကွင်းဆင်းကြပ်မတ်စစ်ဆေး



**ရန်ကုန် စက်တင်ဘာ ၄**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်နှင့် ခရိုင်တို့မှ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်နှင့် ပန်းဘဲတန်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးများသို့ သွားရောက်၍ ဩဂုတ်လအတွက် မီတာဖတ်ရှုနေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယင်းမြို့နယ်ရုံးများသို့ ရောက်ရှိစဉ် ဓာတ်အားပျောက်ဆုံးမှု အခြေအနေများ၊ ဓာတ်အားခ ကြွေးကျန်အခြေအနေများနှင့် မီတာဖတ်ရှုထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကျောက်တံတားနှင့် ပန်းဘဲတန်းမြို့နယ် တို့တွင် အဆင့်မြင့် Digital မီတာများ တပ်ဆင်ထားသည့်အတွက် ဓာတ်အား ပျောက်ဆုံးမှု လျော့နည်းလာသော်လည်း တရားမဝင်ဓာတ်အားသုံးစွဲမှုများမရှိစေရေး၊ နိုင်ငံတော်မှ ရသင့် ရထိုက်သည့်ဓာတ်အားခများ ပြည့်ဝစွာ ကောက်ခံရရှိရေး၊ ရပ်/ပျက်/နေး မီတာများအား အမြန်စစ်ဆေးလဲလှယ်ရေး၊ စာအုပ်လယ်ဂျာမှ ကွန်ပျူတာလယ်ဂျာစနစ်သို့ ပြောင်းလဲရန် သတ်မှတ်ကာလအတွင်း ၁၀၀ ရာခိုင်နှုန်းပြီးစီးအောင် ဆောင်ရွက်သွားရေး၊ အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း ဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် –

❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
❖ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
❖ လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက် နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြပါရန်၊
❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Harbin Institute of Technology နှင့် Harbin Electric Corporation သို့သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် စက်တင်ဘာ ၄**

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၌ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ပေကျင်းမြို့ Beijing Capital International Airport မှနေ၍ ဟာပင်းမြို့သို့ ထွက်ခွာကြရာ လေဆိပ်တွင် ပေကျင်း မြူနီစီပယ်အစိုးရ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဟာပင်းမြို့ Taiping International Airport သို့ ရောက်ရှိကြရာ တရုတ်အစိုးရမှ ဒုတိယဝန်ကြီးအဆင့်ရှိသူ တစ်ဦးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် Harbin Institute of Technology သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ Harbin Institute of Technology ၏ ဥက္ကဋ္ဌ Mr. Han Jie Cai နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တက္ကသိုလ်ပြတိုက်အတွင်း၌ တက္ကသိုလ်၏ မိတ်ဆက်ဗီဒီယိုကို ကြည့်ရှု၍ အာကာသ ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် မစ်ဇိုင်းများထုတ်လုပ်ခဲ့မှု၊ ဒုံးပျံများ၊ ဂြိုဟ်တုများ သုတေသနပြု တီထွင်ထုတ်လုပ်ခဲ့မှု၊ နိုင်ငံတော်ကာကွယ်ရေးအတွက် နျူကလီးယားဗုံးနှင့် ဟိုက်ဒရိုဂျင်ဗုံးများ စမ်းသပ်တီထွင်အောင်မြင်ခဲ့မှု၊ ကမ္ဘာ့အလိုက် ဂြိုဟ်တုများတီထွင်ထုတ်လုပ် လွှတ်တင်ခဲ့မှု၊ အာကာသပိုင်းဆိုင်ရာ အောင်မြင်မှုများ၊ လကမ္ဘာသို့ ဆင်းသက်မှုပြခန်း၊ အာကာသယာဉ်များလွှတ်တင်ခဲ့မှု၊ တရုတ်နိုင်ငံမှ ပေါ်ထွန်းခဲ့သည့်အာကာသပညာရှင်များ ပြခန်းတို့အား လှည့်လည် ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းပြသမှုများ အပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး Harbin Institute of Technology နှင့် မြန်မာနိုင်ငံအကြား အာကာသဆိုင်ရာ နည်းပညာများ မျှဝေနိုင်မှုနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက Harbin Institute of Technology ၏ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ Harbin Institute of Technology ၏ ဥက္ကဋ္ဌက အာကာသစခန်းပုံစံငယ်အား အမှတ်တရလက်ဆောင်အဖြစ်ပေးအပ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ကာ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။ **စာမျက်နှာ ၅ သို့** ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Harbin Institute of Technology တက္ကသိုလ်ပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပေကျင်းမြူနီစီပယ်အစိုးရ တာဝန်ရှိသူများက Beijing Capital International Airport တွင် ပို့ဆောင်နှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်အစိုးရ တာဝန်ရှိသူများက ဟာပင်းမြို့ Taiping International Airport ၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Harbin Electric Corporation စက်ရုံအတွင်း ကြည့်ရှုလေ့လာစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ဟာပင်းမြို့တွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ဟာပင်းမြို့တွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြား

## ပညာသင်ကြားခဲ့ရမှု အတွေ့အကြုံများ၊ ကြုံတွေ့ခဲ့ရသည့် လူနေမှုအဆင့်အတန်းဖွံ့ဖြိုးတိုးတက်မှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာ နေထိုင်မှုများကို ပြန်လည်မျှဝေပေးရန်လို

**နေပြည်တော် စက်တင်ဘာ ၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟာပင်းမြို့၌ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဟာပင်းမြို့ရှိတက္ကသိုလ်များ၌ ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား ကျောင်းသူများအား ဒေသစံတော်ချိန် ယနေ့ညနေ ၅ နာရီခွဲတွင် ဟာပင်းမြို့ရှိ ရှန်ဂရီလာဟိုတယ်၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့်ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် ပညာတော်သင် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဟာပင်းမြို့ရှိ တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား ကျောင်းသူများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သင်တန်းများ လာရောက်တက်ရောက်၍ ပညာသင်ကြားခြင်းဖြစ်သည့်အတွက် နိုင်ငံအတွက်များစွာ အကျိုးဖြစ်ထွန်းစေကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် လက်ရှိအချိန်တွင် အကောင်းဆုံး အခြေအနေတွင်ရှိနေကြောင်း၊ မိမိအနေဖြင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး(Shanghai Cooperation Organisation– SCO SUMMIT 2025 Plus)နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံ တော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် ကမ္ဘာကြီး၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အဖွဲ့အစည်းဖြစ်ပြီး မကြာမီအချိန်အတွင်း မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့ဝင် ဖြစ်လာမည်ဟု ယုံကြည်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ဟာပင်းမြို့တွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေပေးအပ်စဉ်။

**ပြန်လည်မျှဝေပေး**

သင်တန်းများ လာရောက်သင်ကြားချိန်တွင်သင်ကြားရသည့် ပညာရပ်များအလိုက် အကောင်းဆုံးသင်ယူသွားရန်လိုပြီး ပညာပြီးဆုံး၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် မိမိတို့၏ ဌာနများအလိုက် မိမိတို့သင်ကြားခဲ့ရသည့် ပညာရပ်များနှင့် ပတ်သက်၍ ပြန်လည်မျှဝေပေးရန်လိုကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံအတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ အလားတူ တရုတ်နိုင်ငံတွင် ပညာသင်ကြားခဲ့ရမှု အတွေ့အကြုံများ၊ ကြုံတွေ့ခဲ့ရသည့် လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်မှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာ နေထိုင်မှုများကိုလည်း ပြန်လည်မျှဝေပေးရန်လိုကြောင်း၊ တရုတ်နိုင်ငံတွင် ပညာသင်ကြားနေချိန်အတွင်း တရုတ်ဘာသာစကားကိုလည်း ထိုက်သင့်သလောက် တတ်ကျွမ်းအောင် လေ့လာသင်ကြားသွားရန်လိုကြောင်း။

လာမည့် ဒီဇင်ဘာလအတွင်း မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲ ပြုလုပ်ချိန်တွင် ဆန္ဒမဲပေးခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မဲစာရင်းများမှားယွင်းမှုနှင့် မဲမသမာမှုများမဖြစ်စေရေး မြန်မာ အီလက်ထရောနစ်မဲပေးစက်များဖြင့် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ နိုင်ငံရပ်ခြားတွင် ပညာသင်ကြားနေချိန်အတွင်း မိမိတို့၏ ကျန်းမာရေးကောင်းမွန်စေရေး နေထိုင်ဆောင်ရွက်သွားကြရန်နှင့် ပညာသင်ကြားမှုများကိုလည်း ပြီးဆုံးအောင်မြင်သည်အထိ သင်ယူသွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက သင်တန်းသားများ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၄ မှ

ညနေပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Harbin Electric Corporation သို့ သွားရောက် လေ့လာကြရာ Harbin Electric Corporation မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကုမ္ပဏီပြခန်းအတွင်း ကုမ္ပဏီ၏ မိတ်ဆက်ဗီဒီယိုကို ကြည့်ရှုကြပြီး ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ရေအားလျှပ်စစ်သုံး ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ လေအားလျှပ်စစ်သုံး ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း၊ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း၊ ကျောက်မီးသွေးစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများအတွက် လိုအပ်သည့် ဂျင်နရေတာများနှင့် ဆက်စပ်ပစ္စည်းကိရိယာများ ထုတ်လုပ်လျက်ရှိမှု၊ Green Power Energy ထုတ်လုပ်ခြင်းများဖြစ်အောင်ဆောင်ရွက်လျက်ရှိမှု၊ အီလက်ထရောနစ် ပစ္စည်းများထုတ်လုပ်ခြင်း လုပ်ငန်းများဆောင်ရွက်လျက် ရှိမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စက်ရုံအတွင်း Ai စနစ်အသုံးပြု၍ စက်ပစ္စည်းကိရိယာများ ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုတွင် ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် စက်ရုံမှ တာဝန်ရှိသူတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# စနစ်သစ်နှင့် ရွေးကောက်ပွဲဆီသို့ (၁)

မဲဆန္ဒရှင်တစ်ဦး

> **MMP စနစ်ဆိုသည်မှာ ရောနှောထားသည့် စနစ်များအုပ်စုတွင်ပါဝင်သည့် စနစ်တစ်မျိုး ဖြစ်ပါသည်။ မတူညီသည့် ရွေးကောက်ပွဲစနစ်နှစ်မျိုးကို ကျင့်သုံးခြင်းဖြစ်သည်။ သာမန်အားဖြင့် ဗဟုအများစုကိုယ်စားပြုစနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်သည်။ အဓိကအားဖြင့် FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်ပြီး မဲဆန္ဒနယ်နှင့် ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်ခွဲခြား၍ ကျင့်သုံးခြင်း ဖြစ်ပါသည်။ ပထမနည်း - မဲဆန္ဒရှင်က FPTP အတွက် မိမိနှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို မဲတစ်ကြိမ်၊ PR အတွက် နှစ်သက်ရာပါတီကို မဲတစ်ကြိမ်၊ မဲနှစ်ကြိမ်ပေးသည့်စနစ်လည်းရှိသည်။ ဒုတိယနည်း - နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို မဲတစ်ကြိမ်သာပေးရပြီး ကိုယ်စားလှယ်လောင်းရရှိသည့်မဲက ယင်းကိုယ်စားပြုသည့်ပါတီက ရသည့်မဲအဖြစ် FPTP အတွက်ရော PR အတွက်ပါ တွက်ယူသည့်စနစ်လည်း ရှိပါသည်။ လာမည့်ရွေးကောက်ပွဲအတွက် MMP စနစ်ကို ဒုတိယနည်းဖြင့် ဆောင်ရွက်မည်**

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄ တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်ဟု ညွှန်းဆိုထားသည်။ နိုင်ငံသားတို့က အချုပ်အခြာအာဏာကို ကျင့်သုံးရန် ရွေးကောက်ပွဲနည်းလမ်းမှတစ်ပါး အခြားမရှိ။ ပြည်သူများက မိမိတို့ကို ကိုယ်စားပြုရမည့် ကိုယ်စားလှယ်များကို ရွေးကောက်ပွဲတွင် ဆန္ဒမဲပေး၍ ရွေးချယ်ရသည်။ ရွေးချယ်ခံရသည့် ကိုယ်စားလှယ်များက ပြည်သူ့ထံမှဆင်းသက်လာသည့် အချုပ်အခြာအာဏာအရပ်ရပ်ကို ပြည်သူများကိုယ်စား ကျင့်သုံးဖော်ဆောင်ခြင်းဖြစ်ပါသည်။ ထို့အတွက် ပြည်သူတို့က ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးသင့်ပါသည်။

## ဒီမိုကရေစီရွေးကောက်ပွဲ

ဒီမိုကရေစီ ရွေးကောက်ပွဲဆိုသည်မှာ အထွေထွေရွေးကောက်ပွဲတစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် မဲဆန္ဒရှင် ပြည်သူလူထု၏ ထောက်ခံဆန္ဒမဲများကို သက်ဆိုင်ရာလွှတ်တော်အသီးသီး၏ ကိုယ်စားလှယ်နေရာများအဖြစ်သို့ ပြောင်းလဲပေးလိုက်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်သူလူထု၏ ကိုယ်စားပြုမှုကို ဖော်ဆောင်ပေးလိုက်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကျင့်သုံးသည့်နိုင်ငံများသည် မိမိနိုင်ငံသမိုင်းကြောင်း၊ နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံရေးဖြစ်ထွန်းမှု စသည့်အချက်များပေါ်မူတည်၍ ရွေးကောက်တင်မြှောက်ပုံစနစ်များကို ရေးဆွဲကျင့်သုံးရသည်။ ယင်းသို့ ကျင့်သုံးလိုက်သည့် ရွေးကောက်ပွဲစနစ်များသည် နိုင်ငံ့အနာဂတ်အတွက် ရေတို သို့မဟုတ် ရေရှည် အမျိုးသားအကျိုးစီးပွား ဖြစ်ထွန်းမှုအပေါ်တွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သက်ရောက်လျက်ရှိနေမည်ဖြစ်သည်။

## ရွေးကောက်ပွဲအခြေခံသဘောတရားများ

ရွေးကောက်ပွဲတွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ သမာသမတ်ကျခြင်း၊ အများယုံကြည်လက်ခံခြင်း၊ တာဝန်ယူမှုရှိခြင်း၊ လူထုကိုယ်စားပြုမှုကို ဖော်ဆောင်နိုင်ခြင်း၊ အားလုံးပါဝင်နိုင်ခြင်း၊ ရွေးကောက်ပွဲစီမံခန့်ခွဲမှု အားကောင်းခြင်း၊ ပြဋ္ဌာန်းဥပဒေများနှင့် ညီညွတ်ခြင်းတို့သည် အများကလက်ခံထားသည့် အခြေခံသဘောတရားများ ဖြစ်ပါသည်။

မည်သည့် ဒီမိုကရေစီအုပ်ချုပ်ရေးအတွက်မဆို ရွေးကောက်ပွဲစနစ်ရွေးချယ်မှုသည် အရေးကြီးသော ဥပဒေရေးရာ မူဘောင်တစ်ရပ်ဖြစ်ပါသည်။ ရွေးချယ်လိုက်သည့် ရွေးကောက်ပွဲစနစ်တစ်ခုသည် နိုင်ငံ့အနာဂတ်နှင့် နိုင်ငံရေးပုံရိပ်တို့အပေါ်တွင် နက်ရှိုင်းစွာ အကျိုးသက်ရောက်မည်ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲစနစ်နှင့် ရွေးကောက်ပွဲများသည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အလွန်အရေးကြီးသည်။

အချို့ရွေးကောက်ပွဲစနစ်များက တစ်ပါတီတည်း ကြီးစိုးသည့်အခြေအနေကို ပေါ်ပေါက်စေသည်။ အချို့ရွေးကောက်ပွဲစနစ်များက ညွန့်ပေါင်းအစိုးရတစ်ရပ်ရပ်ကို ဦးတည်စေသည်။ အချို့ရွေးကောက်ပွဲစနစ်များက မဲဆန္ဒရှင်တို့၏ ကိုယ်စားပြုမှုကို အချိုးကျဖော်ဆောင်ပေးနိုင်ပြီး အချို့ရွေးကောက်ပွဲစနစ်များတွင် မဲသာသူက အနိုင်ရသဖြင့် ကျန်မဲဆန္ဒရှင်များအတွက် ကိုယ်စားပြုမှု ဆုံးရှုံးနစ်နာရကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် မိမိနိုင်ငံ၊ မိမိပြည်သူနှင့် သင့်လျော်သော ရွေးကောက်ပွဲစနစ်များကို ရွေးချယ်၍လည်းကောင်း၊ တီထွင်ဖန်တီး၍လည်းကောင်း၊ ရွေးကောက်ပွဲစနစ်တစ်ခုမှတစ်ခုသို့ ပြောင်းလဲ၍လည်းကောင်း ရေးဆွဲကျင့်သုံးကြရသည်။ ထိုသို့ဆောင်ရွက်ရာတွင် အတိတ်နှင့် ပစ္စုပ္ပန်ကို သုံးသပ်ပြီး အနာဂတ်ဖြစ်နိုင်ခြေများကိုလည်း ကြိုတင်မြော်တွေး၍ ဆောင်ရွက်ရသည်။

## အခြေခံရွေးကောက်ပွဲစနစ်များ

ရွေးကောက်ပွဲစနစ်ဆိုင်ရာ ကျွမ်းကျင်သူများ၏အဆိုအရ နိုင်ငံအများစုတွင် ကျင့်သုံးနေသော အဓိကရွေးကောက်ပွဲစနစ် အုပ်စု သုံးအုပ်စုရှိသည်ဟုဆိုပါသည်။ **ဗဟုအများစုကိုယ်စားပြုစနစ်များအုပ်စုတွင်** မဲအများဆုံးရသူ အနိုင်ရစနစ် (First Past The Post – FPTP)၊ နှစ်ကျော့ပြန်စနစ် (Two Round System – TRS)၊ ကြိုက်နှစ်သက်မှု ဦးစားပေးစနစ် (Alternative Vote – AV)၊ ကိုယ်စားလှယ်ဗဟိုပြုစနစ် (Block Vote – BV)၊ ပါတီဗဟိုပြုစနစ် (Party Block Vote – PBV) တို့ ပါဝင်ပါသည်။ **အချိုးကျကိုယ်စားပြုစနစ်များအုပ်စုတွင်** စာရင်းအလိုက် အချိုးကျကိုယ်စားပြုစနစ် (List Proportional Representation – List PR) နှင့် လွှဲပြောင်း၍ရသော တစ်မဲတည်းမဲပေးစနစ် (Single Transferable Vote – STV) တို့ ပါဝင်ပါသည်။ **ပေါင်းစပ်ထားသည့်စနစ်များအုပ်စုတွင်** အပြိုင်စနစ် (Parallel System)နှင့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional – MMP) တို့ ပါဝင်ပါသည်။ အသုံးနည်းသည့် တွက်ချက်မှုရှုပ်ထွေးသော စနစ်အချို့လည်းရှိသည်ဟု ဆိုပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံတွင် ဗဟုအများစုကိုယ်စားပြုစနစ် ၇၄ နိုင်ငံ၊ အချိုးကျကိုယ်စားပြုစနစ် ၇၈ နိုင်ငံ၊ စနစ်နှစ်မျိုး ရောနှောထားသော ပေါင်းစပ်ထားသည့်စနစ်များ ကျင့်သုံးသည့်နိုင်ငံ ၃၃ နိုင်ငံနှင့် အခြားစနစ်ကျင့်သုံးသည့် နိုင်ငံ ရှစ်နိုင်ငံရှိကြောင်း သိရသည်။

## ရွေးကောက်ပွဲစနစ်အတွက် လိုအပ်ချက်များ

ရွေးကောက်ပွဲစနစ်တစ်ရပ် ဖော်ဆောင်ခြင်းနှင့် စနစ်တစ်ခုမှတစ်ခုသို့ ပြောင်းလဲကျင့်သုံးခြင်း ဆောင်ရွက်ရာတွင် အခြေခံဥပဒေနှင့်ညီညွတ်ခြင်း၊ မျှတသောကိုယ်စားပြုမှုကို ဖော်ဆောင်နိုင်ခြင်း၊ ရိုးရှင်းလွယ်ကူစွာ မဲပေးနိုင်ခြင်း၊ တန်းတူပါဝင်ယှဉ်ပြိုင်နိုင်ခွင့်ရှိခြင်း၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များက မဲဆန္ဒရှင်ကို တာဝန်ခံခြင်း၊ မတူကွဲပြားမှုများကို စုစည်းနိုင်ပြီး တူညီသော ညီညွတ်မှုကို ဖော်ဆောင်နိုင်ခြင်း၊ တည်ငြိမ်သော အစိုးရတစ်ရပ်ကို ဖြစ်ပေါ်စေခြင်း၊ နိုင်ငံရေးပါတီငယ်များနှင့် တိုင်းရင်းသားလူမျိုးစုများကို အားပေးခြင်း၊ နိုင်ငံတကာစံသတ်မှတ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်တည်ငြိမ်ပြီး ရေရှည်တည်တံ့စေခြင်း၊ တည်ငြိမ်သော နိုင်ငံရေးပုံရိပ်ကောင်းကို ဖြစ်ထွန်းစေခြင်း၊ အမျိုးသားအကျိုးစီးပွားကို ရေရှည်ဖော်ဆောင်နိုင်ခြင်းနှင့် ဒီမိုကရေစီ၏အနှစ်သာရဖြစ်သော ဗဟုနိုင်ငံရေး (Multipolitic)ကို မြှင့်တင်ပေးနိုင်ခြင်း စသည်တို့အပေါ်တွင်အခြေခံပြီး စဉ်းစားသုံးသပ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

## ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးခြင်း

မြန်မာနိုင်ငံတွင် ယခင်က ရွေးကောက်ပွဲများကို မဲအများဆုံးရသူအနိုင်ရစနစ် (FPTP)ဖြင့် ကျင်းပခဲ့ပါသည်။ ယခင်ကျင့်သုံးခဲ့သည့် ရွေးကောက်ပွဲစနစ်၏ အားနည်းချက်၊ အားသာချက်၊ နိုင်ငံသားတို့၏ အကျိုးစီးပွားလိုအပ်ချက်၊ ရွေးကောက်ပွဲမှ ပေါ်ပေါက်ခဲ့သည့် နိုင်ငံရေးအကျိုးဆက်၊ အနာဂတ် နိုင်ငံ့အကျိုးစီးပွား မျှော်မှန်းချက်တို့အပေါ် မူတည်၍ ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရန် လိုအပ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၉-၇-၂၀၂၅ ရက်စွဲဖြင့် ပြဋ္ဌာန်းလိုက်သည့် လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို ဆင့်မအကြိမ် ပြင်ဆင်သည့်ဥပဒေတွင် လာမည့် ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲစနစ်သစ် ပါဝင်ကြောင်း ထင်သာမြင်သာတွေ့ရှိရသည်။ ပြည်သူ့လွှတ်တော်အတွက် ယခင်အတိုင်း FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအတွက် FPTP စနစ်အပြင် PR စနစ်လည်းပါဝင်သည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP) ကျင့်သုံးရန် ပြဋ္ဌာန်းထားသည်။ ရွေးကောက်ပွဲ၏ အကျိုးကျေးဇူးဖြစ်သော FPTP စနစ်၏ အားသာချက်နှင့် PR စနစ်၏ ကောင်းကျိုးများ ရရှိစေရန်၊ တိုင်းရင်းသားလူမျိုးစုများအတွက် ပေါင်းစည်းခြင်း၊ ကိုယ်စားပြုခြင်းနှင့် မျှတခြင်း အခွင့်အလမ်းများကို မြှင့်တင်ပေးရန် ရည်ရွယ်ထားကြောင်း ရှင်းလင်းစွာတွေ့ရှိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကလည်း အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်များစာရင်းကို ၁၅-၈-၂၀၂၅ ရက်နေ့တွင် သတ်မှတ်ကြေညာခဲ့သည်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲအတွက် FPTP မဲဆန္ဒနယ် ၃၃၀၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲအတွက် FPTP မဲဆန္ဒနယ် ၈၄ နယ်နှင့် PR မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအတွက် FPTP မဲဆန္ဒနယ် ၃၂၂ နယ်နှင့် PR မဲဆန္ဒနယ် ၄၂ နယ်၊ တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ် မဲဆန္ဒနယ်စုစုပေါင်း ၈၃၃ နယ်ဖြစ်ပါသည်။ FPTP မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ရမည်။ PR မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ်နှစ်ဦးနှင့်အထက် ရွေးကောက်တင်မြှောက်ရမည်ဖြစ်ပါသည်။

## MMP စနစ်ဆိုသည်မှာ

MMP စနစ်ဆိုသည်မှာ ရောနှောထားသည့် စနစ်များအုပ်စုတွင် ပါဝင်သည့်စနစ်တစ်မျိုး ဖြစ်ပါသည်။ မတူညီသည့် ရွေးကောက်ပွဲစနစ်နှစ်မျိုးကို ကျင့်သုံးခြင်းဖြစ်သည်။ သာမန်အားဖြင့် ဗဟုအများစုကိုယ်စားပြုစနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်သည်။ အဓိကအားဖြင့် FPTP စနစ်နှင့် PR စနစ်တို့ကိုပေါင်းစပ်ပြီး မဲဆန္ဒနယ်နှင့် ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက် ခွဲခြား၍ ကျင့်သုံးခြင်းဖြစ်ပါသည်။ ပထမနည်း – မဲဆန္ဒရှင်က FPTP အတွက် မိမိနှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို မဲတစ်ကြိမ်၊ PR အတွက် နှစ်သက်ရာပါတီကို မဲတစ်ကြိမ်၊ မဲနှစ်ကြိမ် ပေးသည့်စနစ်လည်းရှိသည်။ ဒုတိယနည်း – နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို မဲတစ်ကြိမ်သာပေးရပြီး ကိုယ်စားလှယ်လောင်းရရှိသည့်မဲက ယင်းကိုယ်စားပြုသည့်ပါတီကရသည့်မဲအဖြစ် FPTP အတွက်ရော PR အတွက်ပါ တွက်ယူသည့်စနစ်လည်း ရှိပါသည်။

လာမည့်ရွေးကောက်ပွဲအတွက် MMP စနစ်ကို ဒုတိယနည်းဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ ဤနည်းလမ်းအရ မဲဆန္ဒရှင်က ယခင်ရွေးကောက်ပွဲများအတိုင်း မဲတစ်ကြိမ်သာပေးရပါမည်။ မဲတစ်ကြိမ်ပေးရုံဖြင့် FPTP ကိုယ်စားလှယ်ရော PR ကိုယ်စားလှယ်များကိုပါ တပေါင်းတစည်းတည်း ရွေးကောက်တင်မြှောက်နိုင်မည် ဖြစ်ပါသည်။ ရိုးရှင်းပါသည်။ လွယ်ကူပါသည်။ ရှုပ်ထွေးမှုမရှိပါ။ အခက်အခဲလည်း မရှိပါ။ နိုင်ငံရေးပါတီများက FPTP မဲဆန္ဒနယ်အတွက်ရော PR မဲဆန္ဒနယ်အတွက်ကိုပါ ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရန် ဖြစ်ပါသည်။ ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်များအား MMP စနစ်ဖြင့် ပေါင်းစည်းတွက်ချက်ခြင်းကို တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ဆောင်ရွက်မည်ဖြစ်သဖြင့် အမှားအယွင်းမရှိနိုင်ပါ။ ပါတီများက ရသည့် ခိုင်လုံမဲအချိုးအစားအတိုင်း ကိုယ်စားလှယ်များ ရွေးကောက်ခံရမည်ဖြစ်ပါသည်။

MMP စနစ်အရ FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်သဖြင့် စနစ်နှစ်မျိုးစလုံး၏ အားသာချက်နှင့် ကောင်းကျိုးများကို ရရှိမည်ဖြစ်သည်။

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

FPTP စနစ်အရ ကိုယ်စားလှယ်အချိုးမညီမျှမှုကို PR စနစ်ဖြင့် အချိုးကျမျှတအောင် ဖြည့်ဆည်းပေးနိုင်သည်။ FPTP မဲဆန္ဒနယ်တွင် ကိုယ်စားလှယ်နေရာမရခဲ့ပါကလည်း ပါတီကရသည့် အချိုးကျမဲအရ PR မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်ရရှိနိုင်သည့်စနစ်ဖြစ်ပါသည်။ မဲဆန္ဒရှင်များက နှစ်သက်ရာ ကိုယ်စားလှယ်လောင်းနှင့် ပါတီကို စိတ်ကြိုက်ရွေးချယ်နိုင်သည့် အခွင့်အလမ်းရှိသည်။ အဓိကအားဖြင့် တိုင်းရင်းသားလူမျိုးစုပါတီများအတွက် ဒေသအလိုက် ကိုယ်စားပြုမှုပိုမိုရရှိလာမည်ဖြစ်သည်။ လူထုအလွှာအသီးသီးကို ကိုယ်စားပြုသော ပါတီငယ်များအတွက်လည်း ကိုယ်စားလှယ်နေရာများ ပိုမိုရရှိလာမည်ဖြစ်သည်။ လွှတ်တော်တွင် ပါတီစုံဖြင့် ကိုယ်စားပြုမှုစနစ် ပိုမိုမြင့်မားလာမည်ဖြစ်သည်။ လွှတ်တော်တွင်း ယခင်သက်တမ်းက တိမ်းစောင်းခဲ့သည့် အပြန်အလှန်ထိန်းကျောင်းမှုယန္တရားကို ပြန်လည်တည့်မတ်ပေးနိုင်မည်ဖြစ်သည်။ ပါတီကြီးတစ်ခုတည်းက လွှမ်းမိုးသော နိုင်ငံရေးယဉ်ကျေးမှုပုံစံမှ ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သော Multiparty ပါတီစုံပုံစံ ပိုမိုပေါ်လွင်လာမည်ဖြစ်သည်။

## ရွေးကောက်ပွဲစနစ်၊ မဲဆန္ဒနယ်နှင့် ကိုယ်စားပြုခြင်း

နိုင်ငံအလိုက် ရွေးကောက်ပွဲစနစ် တစ်မျိုးတည်းကို ကျင့်သုံးခြင်း၊ လွှတ်တော်တစ်ရပ်လျှင် ရွေးကောက်ပွဲစနစ်တစ်မျိုးစီ ခွဲခြားကျင့်သုံးခြင်း၊ လွှတ်တော်တစ်ရပ်တည်းတွင် ကိုယ်စားလှယ်အရေအတွက် ခွဲခြားသတ်မှတ်၍ ရွေးကောက်ပွဲစနစ်နှစ်မျိုး ပူးတွဲကျင့်သုံးခြင်းတို့ကို မိမိနိုင်ငံ အခြေအနေနှင့် လိုက်လျောညီထွေစွာ ရွေးချယ်ကျင့်သုံးကြောင်း တွေ့ရှိရပါသည်။

အချို့နိုင်ငံများက မည်သည့်ရွေးကောက်ပွဲစနစ်ဖြင့် ရွေးကောက်တင်မြှောက်ရမည်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားပြီး အချို့နိုင်ငံများက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိဘဲ လွှတ်တော်ရွေးကောက်ပွဲဥပဒေကဲ့သို့သော သက်ဆိုင်ရာဥပဒေများတွင်သာ ပြဋ္ဌာန်းထားပါသည်။ မည်သည့်ရွေးကောက်ပွဲစနစ်အတွက်မဆို မဲဆန္ဒနယ်သတ်မှတ်ခြင်းသည် အရေးကြီးပါသည်။ ရွေးကောက်ပွဲစနစ်အရ ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်ရမည့် FPTP မဲဆန္ဒနယ်နှင့် ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ရွေးကောက်ရမည့် PR မဲဆန္ဒနယ်ဟူ၍ နှစ်မျိုးရှိပါသည်။ မဲဆန္ဒနယ်သတ်မှတ်ရာတွင် ကိုယ်စားလှယ်အရေအတွက်နှင့် နိုင်ငံ့လူဦးရေအချိုးအစားပေါ် အခြေခံ၍လည်းကောင်း၊ နယ်မြေဒေသကို အခြေခံ၍လည်းကောင်း၊ နယ်မြေတစ်ခုနှင့်တစ်ခု လူဦးရေအချိုးညီမျှမှုကို အခြေခံ၍လည်းကောင်း၊ လူမျိုးစုဒေသများကို အခြေခံ၍လည်းကောင်း သတ်မှတ်လေ့ရှိသည်။ FPTP စနစ်အရ မဲဆန္ဒနယ်တစ်နယ်ချင်းစီ ကိုယ်စားပြုသည်။ PR စနစ်အရ မဲဆန္ဒနယ် တစ်နယ်လုံးကို စုပေါင်းကိုယ်စားပြုရသည်။ ယခု ပြောင်းလဲကျင့်သုံးမည့် MMP စနစ်အရ မဲဆန္ဒနယ်ကိုယ်စားပြု FPTP ကိုယ်စားလှယ်များနှင့် ပါတီ အချိုးကျကိုယ်စားပြု PR ကိုယ်စားလှယ်များကို လွှတ်တော်အလိုက် တပေါင်းတစည်းတည်း ရရှိလာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲစနစ်၏ အဓိကအနှစ်သာရဖြစ်သော ပေါင်းစည်းခြင်း၊ ကိုယ်စားပြုခြင်းနှင့် မျှတခြင်းတို့ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။

## စနစ်သစ်နှင့် ရွေးကောက်ပွဲအတွက် ထူးခြားချက် ၅ ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ် အမှတ်စဉ် (၅) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံ့တာဝန်ကို လက်ဆင့်ကမ်း ထမ်းဆောင်ရသော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကလည်း ဦးတည်ချက် (၄) ရပ် ချမှတ်ခဲ့သည်။ ဦးတည်ချက် (၄) ရပ်သည် လာမည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက် လမ်းပြမြေပုံပင်ဖြစ်ပါသည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကခန့်အပ်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ဥပဒေနှင့်အညီ ကြီးကြပ်ကျင်းပပေးရမည် ဖြစ်ပါသည်။ ကျင်းပမည့်စနစ်သစ်နှင့် ရွေးကောက်ပွဲတွင် ထူးခြားချက် ၅ ချက် တွေ့ရှိရပါသည်–

> **❛ ရွေးကောက်ပွဲကို အပိုင်းလိုက် ဆောင်ရွက်မည့် အစီအမံဖြစ်ပါသည်။ အပိုင်း (၁) အတွက် ဆန္ဒမဲပေးရမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့နှင့် မြို့နယ် ၁၀၂ မြို့နယ်စာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိပေး ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။ ဆက်လက်ကျင်းပမည့် အပိုင်းလိုက် မဲပေးရမည့်နေ့ရက်နှင့် မြို့နယ်များစာရင်းကိုလည်း ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။ မဲရုံအားလုံးတွင် MEVM စက်များဖြင့် ဆန္ဒမဲပေးရပါမည်။ နယ်မြေဒေသအခြေအနေအရ ရွေးကောက်ပွဲလုံခြုံရေးနှင့် စီမံခန့်ခွဲရေး အစီအမံများ စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် ရွေးကောက်ပွဲကို အပိုင်းလိုက် ဆောင်ရွက်သွားမည် ❜**

**ပထမအချက်** – ယခင်အတွေ့အကြုံရှိပြီးဖြစ်သည့် FPTP စနစ်အပြင် ပါတီအချိုးကျ ကိုယ်စားပြု PR စနစ် ပါဝင်သည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျ MMP စနစ် ပြောင်းလဲကျင့်သုံးခြင်းဖြစ်ပါသည်။ FPTP စနစ်အရ ရရှိမည့်ကိုယ်စားလှယ်အပြင် PR စနစ်အရ ပါတီအချိုးကျ ကိုယ်စားလှယ်များလည်း ရရှိလာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များက ယခင်မဲပေးသည့်စနစ်အတိုင်း FPTP မဲဆန္ဒနယ်များအတွက် နှစ်သက်ရာကိုယ်စားလှယ်လောင်းကို တစ်ကြိမ်သာ မဲပေးပြီး မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်များကို အလွယ်တကူ ရွေးချယ်နိုင်ပါသည်။ နောက်ထပ် PR မဲဆန္ဒနယ်များအတွက် FPTP မဲဆန္ဒနယ်တွင် ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းက ရရှိခဲ့သည့်မဲများကို ပါတီကရရှိသည့်မဲအဖြစ်သတ်မှတ်ပြီး ရိုးရှင်းလွယ်ကူသော Closed List စနစ်၊ ကြွင်းကျန်မဲအများဆုံးစနစ် (The Largest Remainder) နှင့် Hare Quota တွက်နည်းတို့ဖြင့် အချိုးကျကိုယ်စားလှယ်များကို ဥပဒေနှင့်အညီ တွက်ချက်ခွဲဝေပေးမည်ဖြစ်ပါသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် FPTP မဲဆန္ဒနယ်များနှင့် PR မဲဆန္ဒနယ်များ သတ်မှတ်ထားသည်ဖြစ်ရာ ဒေသအလိုက် တိုင်းရင်းသားလူမျိုးစုများနှင့် ပါတီငယ်များ လွှတ်တော်တွင် ကိုယ်စားပြုနေရာများ ပိုမိုရရှိလာမည်ဖြစ်ပါသည်။

**ဒုတိယအချက်** – ရွေးကောက်ပွဲနေ့ မဲရုံတွင် ဆန္ဒမဲပေးခြင်းနည်းလမ်းကို မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ပြောင်းလဲကျင့်သုံးမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များက ဆန္ဒပြုစက်တွင် ခလုတ်တစ်ကြိမ်နှိပ်၍ နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို အလွယ်တကူ မဲပေးနိုင်ပါသည်။ မဲပေးစက်အသုံးပြုခြင်းဖြင့် ပယ်မဲမရှိခြင်း၊ ရိုးရှင်းလွယ်ကူစွာမဲပေးနိုင်ခြင်း၊ မဲဆန္ဒရှင်က မိမိမဲပေးထားချက်ကို မျက်မြင်စစ်ဆေးကြည့်ရှုနိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ လွယ်ကူမှန်ကန်မြန်ဆန်ခြင်း၊ မဲရလဒ်များ မိနစ်ပိုင်းအတွင်း ထုတ်ယူနိုင်ခြင်း၊ အပြန်အလှန်စစ်ဆေးနိုင်ခြင်း၊ MEVM စက်တွင် ပြင်ပမှ ချိတ်ဆက်ဆောင်ရွက်နိုင်သည့် USB Port များ မပါဝင်ခြင်း၊ Wifi၊ Bluetooth ကဲ့သို့သော ကြိုးမဲ့စနစ်နှင့် အင်တာနက်ကွန်ရက် ချိတ်ဆက်နိုင်သည့်စနစ်များမပါဝင်ခြင်းတို့ကြောင့် ပြင်ပမှ ဝင်ရောက်နှောင့်ယှက်၍မရဘဲ လုံခြုံမှုရှိခြင်း၊ မဲမသမာမှုလုပ်၍မရခြင်း၊ ရာနှုန်းပြည့် ယုံကြည်စိတ်ချရခြင်း၊ ရွေးကောက်ပွဲအစဉ်အဆက် အသုံးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။

**တတိယအချက်** – မဲဆန္ဒရှင်စာရင်းများ ပြုစုခြင်းနှင့် စီမံခန့်ခွဲခြင်းကို မြို့နယ်အဆင့်တွင် DEO Software၊ Admin Software ဖြင့်လည်းကောင်း၊ ဗဟိုအဆင့်တွင် ဗဟိုမဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ် (CVLMS) ဖြင့်လည်းကောင်း နည်းပညာအသုံးပြု၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ မဲစာရင်းပြုစုရာတွင် ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၃ အရ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၏ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ပါ လူဦးရေစာရင်းတို့ကို ရယူအခြေခံပြုစုခြင်းဖြစ်သဖြင့် လူဦးရေစာရင်းများ ခိုင်မာမှုရှိသည်။ နည်းပညာဖြင့် စိစစ်ခြင်း၊ စီမံခန့်ခွဲခြင်း ဆောင်ရွက်နိုင်သည်ဖြစ်ရာ ယခင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကဲ့သို့ မဲစာရင်းမှားယွင်းမှုများကြောင့် မဲမသမာမှုများ ဖြစ်ပွားရန် အကြောင်းမရှိတော့ပါ။ မှန်ကန်ရှင်သန်နေသော မဲစာရင်းများအဖြစ် နောင်ရွေးကောက်ပွဲအစဉ်အဆက် အသုံးပြုနိုင်မည်ဖြစ်ပါသည်။

**စတုတ္ထအချက်** – ရွေးကောက်ပွဲကို အပိုင်းလိုက် ဆောင်ရွက်မည့် အစီအမံဖြစ်ပါသည်။ အပိုင်း (၁) အတွက် ဆန္ဒမဲပေးရမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့နှင့် မြို့နယ် ၁၀၂ မြို့နယ်စာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိပေးထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။ ဆက်လက်ကျင်းပမည့် အပိုင်းလိုက် မဲပေးရမည့်နေ့ရက်နှင့် မြို့နယ်များစာရင်းကိုလည်း ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။ မဲရုံအားလုံးတွင် MEVM စက်များဖြင့် ဆန္ဒမဲပေးရပါမည်။ နယ်မြေဒေသအခြေအနေအရ ရွေးကောက်ပွဲလုံခြုံရေးနှင့် စီမံခန့်ခွဲရေးအစီအမံများ စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် ရွေးကောက်ပွဲကို အပိုင်းလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ပဉ္စမအချက်** – ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်အသစ်နှင့် အစိုးရအဖွဲ့အသစ် ပေါ်ပေါက်လာမည့်အချက်ဖြစ်ပါသည်။ ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်၏ အကျိုးကျေးဇူးအရ ဥပဒေပြုရေးကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍတွင် တိုင်းရင်းသားများနှင့် လူထုအလွှာအသီးသီး၏ ကိုယ်စားပြုမှု ပိုမိုပါဝင်လာမည်ဖြစ်ပါသည်။ ထာဝရငြိမ်းချမ်းရေး ရရှိရေး၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေလမ်းကြောင်းနှင့် လွှတ်တော်နိုင်ငံရေးယဉ်ကျေးမှုလမ်းကြောင်းတို့မှတစ်ဆင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လမ်းခင်းပေးထားသည့်အချက်ပင်ဖြစ်ပါသည်။

## ပြည်သူအားလုံးပါဝင်သော ရွေးကောက်ပွဲ

လာမည့်ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ရန် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များ ဖြစ်သည့် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက စွမ်းဆောင်ရည်ကောင်းကောင်းဖြင့် ကြိုးပမ်းဆောင်ရွက်ကြမည်။ ရွေးကောက်ပွဲနေ့ မဲရုံတစ်ရုံချင်းစီ၏ ရည်မှန်းချက်တာဝန်များ အောင်မြင်ပြီးမြောက်စေရန် မဲရုံအဖွဲ့များကလည်း လုပ်ငန်းကျွမ်းကျင်မှုဖြင့် ဆောင်ရွက်ကြမည်။ ရွေးကောက်ပွဲအတွက်လိုအပ်သော စီမံခန့်ခွဲရေးနှင့် လုံခြုံရေးအစီအမံများကို အစိုးရ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးမည်။ ရွေးကောက်ပွဲယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများကလည်း ဥပဒေဘောင်အတွင်းမှ မိမိတို့ပါတီအသီးသီး၏ စည်းရုံးရေးစွမ်းရည်ကို ပြသကြရမည်။ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူအားလုံး လွယ်ကူအဆင်ပြေစွာ မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ မဲဆန္ဒရှင်ဖြစ်သူများကလည်း ရွေးကောက်ပွဲတွင် မိမိတို့၏ ဆန္ဒမဲနှင့် နိုင်ငံသားအခွင့်အရေးကို ကျင့်သုံးပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အရည်အချင်းရှိသော ကိုယ်စားလှယ်ကောင်းများကို ရွေးချယ်နိုင်ရန် မျှော်လင့်သည်။ ပြည်သူတို့က ဉာဏ်နှင့်ယှဉ်သော ဆန္ဒမဲတို့ဖြင့် အရည်အချင်းရှိသည့် လူကောင်းလူတော်များကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်ရန်လိုအပ်သည်။ ရွေးကောက်ပွဲအား မလိုလား၍ နှောင့်ယှက်ဖျက်ဆီးမည့်သူများ၏အန္တရာယ်ကိုလည်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများက ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြည်သူအားလုံးပါဝင်သော ရွေးကောက်ပွဲမှတစ်ဆင့် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် တက်ညီလက်ညီ တက်စုံရွက်စုံဖြင့် ဆက်လက်ချီတက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

## နိဂုံး

ကျွန်ုပ်တို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအား ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဂုဏ်သိက္ခာပင်ဖြစ်ပါသည်။ ရွေးကောက်ပွဲမှ ပေါ်ထွက်လာသည့် အစိုးရအဖွဲ့ကဦးဆောင်ပြီး နိုင်ငံတော်တည်ဆောက်ရေး၊ အုပ်ချုပ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိနေပါသည်။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်ပြည်သူအားလုံးနှင့် တိုင်းရင်းသားလူမျိုးစုများအားလုံးအတွက် မျှတသော ကိုယ်စားပြုမှုနှင့် အာမခံချက်ရရှိရေး၊ တည်ငြိမ်အေးချမ်းပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ရေရှည် ရှင်သန်ခိုင်မာစေရေးတို့အတွက် အရေးကြီးဆုံးဖြစ်သည့် အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ရန် ရည်မှန်းချက်ဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးသန်းအောင်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မဟာအောင်မြေမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် စမ်းသပ်မဲပေးနေမှုကို ကြည့်ရှုပြီး မဲဆန္ဒရှင်များနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး၌ တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ယခင်ကျင့်သုံးခဲ့သည့် နိုင်သူအကုန်ယူစနစ်(FPTP)အပြင် FPTP နှင့် PR စနစ် ပေါင်းစပ်ထားသည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်(Mixed Member Proportional–MMP)ကို အသုံးပြုဆောင်ရွက်သွားမည့် အခြေအနေနှင့် မဲဆန္ဒနယ်များကို စနစ်တကျသတ်မှတ်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ကြိုတင်ဆန္ဒမဲများ စနစ်တကျပေးနိုင်ရေးနှင့် မဲပေးရာတွင် အပိုင်းလိုက် MEVM စက်ဖြင့် မဲပေးနိုင်ရေးအတွက် MEVM စက်များ စနစ်တကျသယ်ယူရွှေ့ပြောင်းရန်၊ MEVM ကြီးကြပ်မှုနှင့် နည်းပညာအထောက်အကူပြုအဖွဲ့များကို စနစ်တကျဖွဲ့စည်းလေ့ကျင့်ဆောင်ရွက်ရန်၊ ရွေးကောက်ပွဲနေ့မတိုင်မီ MEVM စက်အသုံးပြု၍ လေ့လာစမ်းသပ်မဲပေးမှုများ ဆောင်ရွက်ရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။



ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကူမင်းမြို့၌ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသမီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်အခမ်းအနားသို့ တက်ရောက်မည့်ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၄**

စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်သို့ တက်ရောက်ကြမည့် ဝန်ကြီးဌာနများမှ ၃၆ ဦးနှင့် ပြင်ပမီဒီယာနှင့် အဖွဲ့အစည်းများမှ ၁၇ ဦး စုစုပေါင်း ၅၃ ဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ China Eastern လေကြောင်းဖြင့် ကူမင်းမြို့သို့ ထွက်ခွာသွားကြသည်။



အဆိုပါ ကိုယ်စားလှယ်အဖွဲ့တွင်ပါရှိသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှအကအဖွဲ့များက ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ် ဖွင့်ပွဲအခမ်းအနား၊ တောင်ပိုင်းဒေသ ညချမ်းနှင့် ချည် Show ပိုးဖဲ အနီးအနားတဖွဲဖွဲ ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားတို့တွင် ဖျော်ဖြေတင်ဆက်ကပြခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များက စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခြင်း၊ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ မြန်မာလက်မှုပညာ ထုတ်ကုန်ပစ္စည်းများနှင့် မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝနှင့် ခရီးစဉ်ဒေသများ၊ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းပြခန်းများကို ဈေးရောင်းပွဲတော်တွင် ပါဝင်ခင်းကျင်းပြသခြင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ကိုယ်စားလှယ်အဖွဲ့တွင်ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးစီး၍ ဝန်ကြီးဌာန ခြောက်ခုမှ ကိုယ်စားလှယ် အဖွဲ့များနှင့် ပုဂ္ဂလိက မီဒီယာ၊ ပြင်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း The 2nd Sustainable Maritime Industry Conference (SMIC)-2025 အခမ်းအနား တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း သည် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူနှင့်အတူ ဆော်ဒီအာရေဗျနိုင်ငံ Jeddah မြို့တွင် ကျင်းပပြုလုပ်သည့် The 2nd Sustainable Maritime Industry Conference (SMIC)–2025 အခမ်းအနားသို့ တက်ရောက်သည်။





**ပြောကြား**

အခမ်းအနားတွင် ဆော်ဒီအာရေဗျနိုင်ငံမှ ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် The International Organization for Marine Aids to Navigation (IALA)၏ အတွင်းရေးမှူးချုပ် H.E Mr. Francis Zachariae တို့က ရေကြောင်းဘက်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေး၏ ၈၀ ရာခိုင်နှုန်းကျော်ကို ရေကြောင်းမှ ပို့ဆောင်ပေးနေခြင်းဖြစ်ကြောင်း၊ ယနေ့အခမ်းအနားမှတစ်ဆင့် ရေကြောင်းဘက်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အားလုံးပါဝင်၍ အတူတကွ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရေကြောင်းဘက်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးတို့သည် ဟန်ချက်ညီစွာရှိရန် လိုအပ်ကြောင်း ပြောကြားပြီး International Maritime Organization(IMO)မှ အတွင်းရေးမှူးချုပ်က ယခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့၏ Theme ဖြစ်သည့် “Our Ocean, Our Obligation, Our Opportunity” ဆောင်ပုဒ်အား Video မှတစ်ဆင့် အကျယ်တဝင့် ပြောကြားသည်။

အခမ်းအနားတွင် ရေယာဉ်များအား စွမ်းအင်အနည်းဆုံးဖြင့် ထိရောက်စွာ အသုံးချခုတ်မောင်းနိုင်ရေး၊ ပင်လယ်ရေကြောင်းဘက်ဆိုင်ရာ အာမခံနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များ၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ကာဗွန်လျှော့ချရေး ဗျူဟာများ အကောင်အထည်ဖော်ခြင်း၊ အသေးစားနှင့် အလတ်စား ရေကြောင်း လုပ်ငန်းများအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလမ်းပြမြေပုံ ရေးဆွဲခြင်း၊ ရေကြောင်းဘက် ဆိုင်ရာ စွမ်းဆောင်ရည်များ၊ ဘေးကင်းလုံခြုံမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုတို့ကို မြှင့်တင်ရာတွင် ဒစ်ဂျစ်တယ်နည်းပညာများ၏ အခန်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ခေတ် ရေကြောင်းဘက်ဆိုင်ရာ ဆိုက်ဘာလုံခြုံရေး၊ ရေကြောင်းကဏ္ဍ အသွင်ကူးပြောင်းရေးတွင် အမျိုးသမီးများ၏ ဦးဆောင်မှု စသည့်ခေါင်းစဉ်များကို ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ဆော်ဒီအာရေဗျနိုင်ငံ ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ဝန်ကြီးဌာနမှ ဝန်ကြီးနှင့် တွေ့ဆုံ၍ ရေကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး IMO ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ ရေထုညစ်ညမ်းမှု ကာကွယ်တားဆီးရေးကွန်ဗင်းရှင်း (MARPOL)အား လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ပင်လယ်ရေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ တစ်နိုင်ငံတည်း လျှောက်လှမ်းလျက်ရှိသည့် နိုင်ငံမဟုတ်ဘဲ အာဆီယံ ရေကြောင်းဘက်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်များ၊ BIMSTEC နှင့် Mekong–Ganga ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည့်အပြင် တရုတ်၊ အိန္ဒိယနိုင်ငံများနှင့် ဆိပ်ကမ်းဘက်ဆိုင်ရာ ကိစ္စရပ်များတွင် မိတ်ဖက်ဆောင်ရွက်ခြင်းနှင့် ကိုရီးယား၊ စင်ကာပူ နိုင်ငံများနှင့်လည်း နည်းပညာဖွံ့ဖြိုးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဆော်ဒီအာရေဗျနိုင်ငံ အနေဖြင့်လည်း ချမှတ်ထားသည့် ၂၀၃၀ မျှော်မှန်းချက် ပန်းတိုင်အောက်တွင် သန့်ရှင်းသော စွမ်းအင်၊ တည်ငြိမ်သော ထောက်ပံ့ပို့ဆောင်ရေးနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးများကို ဦးစားပေးထားသည်ကို တွေ့ရှိရပါသဖြင့် မျှော်မှန်းချက်၊ အရင်းအမြစ်များနှင့် ရည်ရွယ်ချက်များ တူညီသည့် အဆွေတော်တို့နိုင်ငံနှင့် လက်တွဲ၍ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့၏ လုပ်ငန်းစဉ်များ၌ အတူတကွ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ပြောကြားသည်။

ယင်းအခမ်းအနားကို “Sailing Towards a Sustainable Future” ဟူသော ဆောင်ပုဒ်နှင့်အညီ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၉၀ မှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့်အတူ ဆော်ဒီအာရေဗျနိုင်ငံမှ ရေကြောင်းဘက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**




**၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်**

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၅) ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၅) ကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လူကုန်ကူးမှုပြဿနာများကို တိုက်ဖျက်နိုင်ရေးအတွက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီ (၄) ရပ်နှင့် အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များကို စနစ်တကျဖွဲ့စည်းပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြောင်းလဲလာသော လူကုန်ကူးမှုပုံစံများအရ အိမ်နီးချင်းနိုင်ငံမှလူငယ်များသည် မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ဝင်ရောက်လာကြပြီး မြန်မာအမျိုးသမီးများအား ချစ်ကြိုက်၍ လက်ထပ်ခြင်း မဟုတ်ဘဲ လှည့်ဖြားလိုသောသဘောဖြင့် ငွေကြေးပေးကာ လက်ထပ်ခြင်း၊ တရားရုံးတွင် ထိမ်းမြားမင်္ဂလာ ကျမ်းကျိန်လွှာပြုလုပ်၍ ၎င်းတို့နိုင်ငံသို့ တရားဝင်ခေါ်ဆောင်နေခြင်းများကို စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဒေသတွင်းနိုင်ငံများမှ နိုင်ငံသားတချို့သည် မြန်မာနိုင်ငံသို့ အလည်အပတ်ဗီဇာဖြင့် ရောက်ရှိလာခဲ့ပြီး ဘာသာစကားသင်တန်းအမည်ခံဖွင့်လှစ်၍ မြန်မာအမျိုးသမီးများအား ၎င်းတို့၏နိုင်ငံသားများနှင့် ထိမ်းမြားလက်ထပ်စေရန် စည်းရုံးဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်များကိုလည်း ဖော်ထုတ်နိုင်ခဲ့ကြောင်း။

လူကုန်ကူးသူများသည် လိမ်လည်စည်းရုံးသွေးဆောင်ရန်အတွက် အင်တာနက်ကို တွင်ကျယ်စွာ အသုံးပြုလျက်ရှိကြောင်း၊ လူမှုကွန်ရက်စာမျက်နှာများဖြစ်သော Facebook၊ Tiktok နှင့် Telegram များကို အသုံးပြု၍ စီးပွားရေးကြော်ငြာများမှတစ်ဆင့် လူစုဆောင်းခြင်း၊ အကျိုးအမြတ်လွှဲပြောင်းပေးခြင်းများ ပြုလုပ်ပြီး မြန်မာအမျိုးသမီးငယ်များအား အတင်းအဓမ္မထိမ်းမြားလက်ထပ်ရန်နှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုများလုပ်ဆောင်လျက်ရှိကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရာတွင် လုပ်ငန်းစဉ် (၃) ရပ်ဖြစ်သော သတင်းလက်ဦးမှုရယူခြင်း၊ တားဆီးကာကွယ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ၎င်းလုပ်ငန်းစဉ် (၃) ရပ်နှင့်အညီ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။



လက်ရှိဖြစ်ပွားလျက်ရှိသော အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဆက်စပ်ဖြစ်ပွားသော လူကုန်ကူးမှု၊ အဓမ္မစေခိုင်းမှုများအပါအဝင် အတင်းအကြပ်ရာဇဝတ်မှုကျူးလွန်စေခြင်းတို့ကို တားဆီးနှိမ်နင်းနိုင်ရန်၊ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် နယ်စပ်ဖြတ်ကျော်တရားမဝင်ဝင်ရောက်မှုမရှိစေရေး တားဆီးထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ အွန်လိုင်းလိမ်လည်မှုနှင့် ဆက်နွှယ်ဖြစ်ပွားသော လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံချက်ကို Pilot Project အဖြစ် သက်တမ်းကာလ တစ်နှစ်ဖြင့် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Online Scam) လုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းလျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် အတင်းအကြပ်ခိုင်းစေခံရသူများကို ကယ်တင်၍ မိခင်နိုင်ငံများသို့ ပြန်လည်စေလွှတ်ပေးလျက်ရှိကြောင်း၊ အဆိုပါဖြစ်စဉ်များတွင် ဒေသတွင်းမဟုတ်သည့် အခြားနိုင်ငံများမှ နိုင်ငံခြားသားများလည်းပါဝင်နေကြောင်း တွေ့ရှိရသည့်အတွက် နိုင်ငံပေါင်းစုံပူးပေါင်းပါဝင်မှုဖြင့် တိုက်ဖျက်နိုင်ရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းများအောင်မြင်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြပြီး ဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် မန္တလေးလျှောင်ဘေးသင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်များပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၄**

မန္တလေး တိုင်းဒေသကြီးအတွင်းရှိအာမခံအလုပ်သမားများ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် မန္တလေးလျှောင်ဘေးသင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်များပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မန္တလေးလျှောင်ဘေးသင့်ခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အလုပ်ဌာန ၇၄၃၀၊ အာမခံအလုပ်သမား ၁၂၁၁၃၀ အား သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ထုတ်ပေးလျက်ရှိရာ ယနေ့အခမ်းအနားတွင် အာမခံအလုပ်သမား ၄၃၈၆ ဦးအတွက် ငွေကျပ် ၃၄၇ ဒသမ ၄၆၃ သန်းကို ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး အတွင်း စုစုပေါင်း အာမခံအလုပ်သမား ၃၁၆၈၁ ဦးအတွက် ငွေကျပ် ၂၆၂၅ ဒသမ ၅၀၂ သန်းကို Online Payment စနစ်ဖြင့် အာမခံအလုပ်သမားများ၏ လက်ဝယ်အရောက် စနစ်တကျပေးအပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ပညာသင်စရိတ် လျှောက်ထားလာသည့် အလုပ်သမား ၃၉၄၀ ၏ သားသမီး ၅၃၉၆ ဦးအတွက် ပညာသင်စရိတ် စုစုပေါင်း ငွေကျပ် ၂၁၄ ဒသမ ၇၀၇ သန်းကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသော အကျုံးဝင်လျှောက်ထားလာသည့် လျှောက်လွှာများကို စိစစ်လျက်ရှိပြီး ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ထောက်ပံ့ငွေပေးအပ်**

ထို့နောက်ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၃၄၇ ဒသမ ၄၆၃ သန်းနှင့် ပညာသင်စရိတ်အတွက် ငွေကျပ် ၂၁၄ ဒသမ ၇၀၇သန်းကို တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးထံ လွှဲပြောင်းပေးအပ်ပြီး မန္တလေးလျှောင်ဒဏ်ကြောင့်လုပ်ငန်းခွင်အတွင်း ထိခိုက်သေဆုံးခဲ့သူ အာမခံလုပ်သား ၁၀ ဦး အတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်များကို ကျန်ရစ်သူမိသားစုများနှင့် တာဝန်ရှိသူများထံ ပေးအပ်သည်။

အခမ်းအနား အပြီးတွင် အောင်မြေသာစံ မြို့နယ်ရှိ အလုပ်သမားဆေးရုံကြီး (မန္တလေး) အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး လုပ်ငန်း လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက် ကုသမှုခံယူနေသော အာမခံအလုပ်သမားများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ကြီးတံခွန်မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး) ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး တင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်မဲမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အိမ်မဲမြို့နယ်ဦးစီးမှူးရုံး၌ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပျက်စီး၊ ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ယနေ့နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

## ဖြည့်ဆည်းဆောင်ရွက်

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ One Stop Service ဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်တစ်ပါတည်း ဆောင်ရွက်ထုတ်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။



## ပေးအပ်

ထို့နောက် မြို့နယ်ရုံးရှိ ပစ္စည်းသိုလှောင်ခန်းများအတွင်း ရုံးစာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများ စနစ်တကျထိန်းသိမ်းထားရှိမှု၊ ကိုယ်ရေးမှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှုနှင့် ရုံလက်ခံနိုင်-၄ မှတ်တမ်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းပါ အချက်အလက်များကို ရုံးချုပ်ရှိ e-ID Server ရှိ အချက်အလက်များနှင့် Online စနစ်ဖြင့် တိုက်ဆိုင်စိစစ်ပြင်ဆင်အတည်ပြုနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စာရွက်စာတမ်းနှင့် စက်ပစ္စည်းကိရိယာများလုံခြုံမှုရှိစေရေးနှင့် ဦးစားပေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေး အလေးထားကြိုးပမ်းဆောင်ရွက်ရေးမှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်မြို့နယ် ရဲမှုထမ်းဟောင်းများအဖွဲ့သို့ ရန်ပုံငွေပေးအပ်




ထားဝယ် စက်တင်ဘာ ၄

ထားဝယ်မြို့နယ် ရဲမှုထမ်းဟောင်းများအဖွဲ့သို့ ရန်ပုံငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီး ရဲမှုထမ်းဟောင်းများအဖွဲ့၏ မြို့နယ်အလိုက် ရန်ပုံငွေများအနေဖြင့် ထားဝယ်မြို့နယ် ရဲမှုထမ်းဟောင်းအဖွဲ့၊ မြိတ်မြို့နယ် ရဲမှုထမ်းဟောင်းအဖွဲ့နှင့် ကော့သောင်းမြို့နယ် ရဲမှုထမ်းဟောင်း အဖွဲ့တို့တွင် စုစုပေါင်းငွေ ၉၀၅၈၀၉၃၃ ကျပ်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးရှိ ရဲမှုထမ်းဟောင်းများအဖွဲ့ရုံး မြေနေရာရရှိရေး ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များကို အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးနိုင်ခဲ့ပြီး ရဲမှုထမ်းဟောင်းအဖွဲ့များက ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ ပိုမိုရရှိရေး ဆောင်ရွက်ရန်နှင့် ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများတွင် တာဝန်သိသိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထားဝယ်မြို့နယ် ရဲမှုထမ်းဟောင်းများအဖွဲ့သို့ ရန်ပုံငွေကျပ် သိန်း ၇၀ ပေးအပ်ရာ တိုင်းဒေသကြီး ရဲမှုထမ်းဟောင်းများအဖွဲ့ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်က လက်ခံရယူပြီး မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ချုပ်က ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ လျှပ်စစ်သုံးယာဉ်နှစ်ဘီး၊ သုံးဘီးဆိုင်ကယ်များ SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်သည့်လုပ်ငန်း သွားရောက်ကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၄

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် စက်မှုဇုန်ရှိ Myanmar New Power Investment Group Co., Ltd တွင် လျှပ်စစ်သုံးယာဉ်(EV) နှစ်ဘီး၊ သုံးဘီးဆိုင်ကယ်များကို Semi Knocked Down (SKD) စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်သည့် လုပ်ငန်းကို လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ Naypyitaw State Polytechnic University (NSPU)၊ နေပြည်တော်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းတို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ယမန်နေ့က သွားရောက်ကြည့်ရှုကြသည်။



ဦးစွာ အစည်းအဝေးခန်းမ၌ ကုမ္ပဏီ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက အရည်အသွေးပြည့်မီစွာ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ဆောင်ရွက်သွားရန်၊ ဘက်ထရီလဲလှယ်စင်တာများကိုပါ တည်ဆောက်သွားရန်၊ After Sales Services ကောင်းမွန်စေရေးအတွက် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်သွားရန်၊ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တပ်ဆင်ထုတ်လုပ်ထားရှိမှု၊ ဒီဇိုင်းနှင့် အင်ဂျင်နီယာပိုင်း၊ ပင်မဘော်ဒီနှင့် အစိတ်အပိုင်းများ တပ်ဆင်နေမှု၊ ဘက်ထရီတပ်ဆင်နေမှု၊ ပါဝါကြိုးတပ်ဆင်အသုံးပြုမှုများ၊ မော်တာလည်ပတ်မှုများနှင့် လျှပ်စစ်ဘေးအန္တရာယ် ကင်းရှင်းရေးစစ်ဆေးမှုများ၊ တပ်ဆင်ပြီး EV ဆိုင်ကယ်များကို ကွန်ပျူတာထိန်းချုပ်စနစ်ဖြင့် ဆောင်ရွက်သည့် စမ်းသပ်စစ်ဆေးသည့်လိုင်းတွင် အရှိန်စစ်ဆေးမှု၊ ကိုယ်ထည်ဟန်ချက်ညီခြင်း စစ်ဆေးမှု၊ ဘရိတ်စစ်ဆေးမှုနှင့် ရှေ့မီးသီးစစ်ဆေးနေမှုများကို ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြောင်းမြမြို့ စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း ဆောင်ရွက်

မြောင်းမြ စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

## စစ်ဆေး

ထိုသို့စစ်ဆေးခြင်းကို မြောင်းမြခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းနိုင်ဦး၏လမ်းညွှန်မှုဖြင့် ဦးစီးအရာရှိ ဦးဇော်မင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက Golden Power စက်သုံးဆီအရောင်းဆိုင်ရှိ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများ၊ မီးသတိပေးစာတန်းများ၊ မီးသတ်ဆေးဘူး၊ မီးသတ်စက်နှင့် အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းများ ကောင်းမွန်အသင့်အသုံးပြုနိုင်ခြင်း ရှိ၊ မရှိနှင့် မီးဘေးလုံခြုံရေးစီမံချက်ရေးဆွဲထားရှိခြင်းများကို စစ်ဆေးသည်။

မြောင်းမြခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် မီးသုံးစွဲရာတွင်သတိပြုရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် အသံချဲ့စက်ဖြင့် လှည့်လည်၍ အပတ်စဉ်လှုံ့ဆော်သတိပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၄**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဦးနေမျိုးလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်အစည်းအဝေးခန်းမ၌ ပညာရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ်နှင့် ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများနှင့်တွေ့ဆုံသည်။




**နှုတ်ခွန်းဆက်စကားပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့တက္ကသိုလ်ရှိ စာသင်ဆောင်များနှင့် အဆောက်အအုံများ အမြန်ပြီးမြောက်ရေး ကြီးကြပ်ဆောင်ရွက်ကြရန်၊ တက္ကသိုလ်အလိုက် စည်းကမ်းထိန်းသိမ်းရေး၊ ဝတ်စားဆင်ယင်မှုနှင့် မြန်မာ့ယဉ်ကျေးမှုထိန်းသိမ်းရေးတို့ကို ကြီးကြပ်ဆောင်ရွက်ရန် မှာကြားပြီး ဒုတိယဝန်ကြီးများက နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် စစ်ကိုင်းပညာရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ်က တက္ကသိုလ်၏ သင်ကြားစီမံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ ဆရာမများက လိုအပ်သည်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် စစ်ကိုင်းပညာရေး ဒီဂရီကောလိပ်ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး ကျောင်းအတွင်း စာသင်ဆောင်ပြုပြင်တည်ဆောက်ထားရှိမှု၊ ယာယီစာသင်ဆောင်များတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ သင်ယူနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် မန္တလေးမြို့ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ မန္တလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရမှ ပညာရေး တိုးတက်မြင့်မားအောင် အထူးအားပေးလျက်ရှိရာ ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ ကျောင်းသား ကျောင်းသူများ အမှန်တကယ်စာတတ်မြောက်အောင်သင်ကြားပေးကြရန် ဆွေးနွေးမှာကြားပြီး ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတက္ကသိုလ် သုတေသနစင်တာ၌ ကျင်းပပြုလုပ်သည့် မန္တလေးတက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်ကျင်းပရေးဆွေးနွေးပွဲသို့ တက်ရောက်၍ မန္တလေးတက္ကသိုလ် နှစ် (၁၀၀)ပြည့် ရာပြည့်သဘင် အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် ကျောင်းသားဟောင်းများက မန္တလေးတက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်သဘင် ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရာပြည့်သဘင်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနက ပေးအပ်လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ ကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မကွေးမြို့၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**မကွေး စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးက နိုင်ငံတော်မှရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေများ အပြည့်အဝကောက်ခံရရှိရေးအတွက် အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက တက်ရောက်လာသည့် ဌာနဆိုင်ရာများအား လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက်ရရှိသူဖြစ်လျှင် လစာခေါင်းစဉ်ဖြင့် ဝင်ငွေခွန်ပေးသွင်းခြင်းနှင့် တင်ဒါလုပ်ငန်းတွင် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းတွက်ချက်မှုနှင့် ပင်ရင်းမှ ဖြတ်တောက်ပေးသွင်းငွေ နှစ်ရာခိုင်နှုန်း တွက်ချက်မှုဆိုင်ရာ ကိစ္စရပ်များကို အသိပညာပေးရှင်းလင်းဆွေးနွေးပြီး ဌာနဆိုင်ရာများက သိလိုသည့်မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားပေးသည်။



အဆိုပါအခမ်းအနားသို့တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ငွေစာရင်းတာဝန်ခံအရာရှိများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်ဆက်)**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝေါမြို့နယ် ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ကြံ့တူ စေတီတော်မြတ်ကြီး၌ စက်တင်ဘာ ၄ ရက်နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုး ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)




ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကွန်စတန်ဦးစီး၍ အနောက်ပိုင်းခရိုင်ဆေးရုံနှင့် သာကေတ သွားနှင့်ခံတွင်းအထူးကုဆေးရုံတို့မှ သွားဘက်ဆိုင်ရာဆရာဝန်များ၊ အလုံမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးအရာရှိ(သွားကျန်းမာ)ဒေါက်တာမေသီရိ၊ ပူးပေါင်းအဖွဲ့ဝင်များသည် စက်တင်ဘာ ၄ ရက်က အလုံအမက(၄) နှင့် အမက(၁၁)သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး စစ်ဆေးဟောပြောစဉ်။

သျှင်ဝင်းသျှင်

## အုတ်တွင်းမြို့နယ် အခြေခံပညာအထက်တန်း(ဗောဓိကုန်း)ကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**အုတ်တွင်း စက်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်း (ဗောဓိကုန်း) ကျောင်းခန်းမ၌ ကျင်းပသည်။



ဦးစွာအခြေခံပညာအထက်တန်း (ဗောဓိကုန်း)ကျောင်းမှကျောင်းအုပ်ဆရာကြီး ဦးကြည်လင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းနှင့် အထက(ဗောဓိကုန်း)မှ ဆရာမ ဒေါ်အိဖြူစင်တို့က စေ့စပ်ညှိနှိုင်းသူများအဖြစ် ပါဝင်ဆောင်ရွက်ကြပြီး ကျောင်းသား ကျောင်းသူများက "လူငယ်နှင့်ကျန်းမာရေး"၊ "လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်"၊ "လူငယ်နှင့်စာဖတ်ခြင်း"၊ "လူငယ်နှင့် နည်းပညာ" စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## ဘားအံမြို့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူ

**ဘားအံ စက်တင်ဘာ ၄**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းအခမ်းအနားကို ယမန်နေ့က ဘားအံမြို့ အမှတ်(၁)ရပ်ကွက် ပဒုမ္မာလမ်းရှိ မိုးလုံလေလုံအားကစားရုံ၊ အမှတ်(၂)ရပ်ကွက် ရွှေရင်မျှော်သံလွင်မြစ်ကူး စက်လှေဆိပ်၊ အမှတ်(၇) ရပ်ကွက် ကမ်းနားလမ်းနှင့် စောစံစီဖိုးလမ်းထောင့်အနီး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့နှင့် အမှတ်(၈) ရပ်ကွက် ကမ်းနားလမ်းအုပ်ချုပ်ရေးမှူးရုံးရှေ့တို့တွင် စိုက်ထူကြသည်။



အဆိုပါအသိပညာပေးဆိုင်းဘုတ်တွင် ၂၀၂၅ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ဆောင်ပုဒ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ရည်ရွယ်ချက် (၄) ရပ်၊ လူကုန်ကူးမှုများနှင့်ပတ်သက်ပြီး သတင်းပေးပို့နိုင်သည့် ဖုန်းနံပါတ်များပါဝင်သော ဆိုင်းဘုတ်များအား တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်း၍ စိုက်ထူကြသည်။

အဆိုပါအခမ်းအနားသို့ဘားအံခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ ဘားအံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ခရိုင်အဆင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှု ကော်မတီ၏ (၁/၂၀၂၅) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၁၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ အဆောက်အဦများ ပြန်လည် ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ တည်ဆောက်ရေးလုပ်ငန်း စိစစ် ရေးကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ငလျင်ကော်မတီ၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံ အသင်းတို့မှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက် ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ တိုင်းဒေသကြီး ဝန်ကြီး ချုပ်များ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများက ဗီဒီယို ကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် ငလျင်လှုပ်ခတ် ခဲ့သည်မှာ ငါးလကျော်ကာလအထိ ရောက်ရှိပြီဖြစ်၍ ငလျင်ကြောင့် ပျက်စီးခဲ့သော ရုံးနှင့်လူနေ အဆောက် အအုံများကို အပြာရောင်အဆင့်၊ လိမ္မော်ရောင်အဆင့် နှင့် အနီရောင်အဆင့်အဖြစ် ခွဲခြားသတ်မှတ်၍ ပြုပြင်ပေးနေခြင်းအား အမြန်ပြီးစီးစေရေး တာဝန်ရှိ သူများက ပိုင်းဝန်းကြပ်မတ် ဆောင်ရွက်ကြစေလို ကြောင်း။

ခန့်မှန်းခြေစာရင်းများကိုလည်း အမြန်တွက် ချက်၍ ပေးပို့တင်ပြစေလိုပါကြောင်း၊ သို့မှသာ စိစစ်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ရန်ပုံငွေများ ဆက်လက် တင်ပြတောင်းခံနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ထမ်း အိမ်ရာ ၅၂ လုံးကို အသစ်စတင် တည်ဆောက် လျက်ရှိပြီး လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီး ရေးနှင့် အရည်အသွေးမီရေး စနစ်တကျ ဆောင်ရွက် ရန် လိုပါကြောင်း၊ နည်းပညာအကူအညီပေးရေးနှင့် စစ်ဆေးရေးအဖွဲ့များတွင် အင်ဂျင်နီယာအသင်းအဖွဲ့ များမှ ပညာရှင်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကျွမ်းကျင် အင်ဂျင်နီယာများနှင့်အတူ ပျက်စီးမှုများ အလိုက် ပြန်လည်ပြင်ဆင်နိုင်ရေးကို ဦးစားပေး ဆောင်ရွက်ခဲ့ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့်လည်း နိုင်ငံပိုင်ရုံးအဆောက်အအုံ၊ ဝန်ထမ်း အိမ်ရာများနှင့် သာသနိကအဆောက်အအုံများ စနစ် တကျပြုပြင်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် နိုင်ငံပိုင်အဆောက်အအုံများအား ဖျက်သိမ်းခြင်းနှင့် စာရင်းမှ ပယ်ဖျက်ခြင်းဆိုင်ရာ ညွှန်ကြားချက် (၂/၂၀၂၅) အရ ဖျက်သိမ်းရမည့် နိုင်ငံပိုင်အဆောက် အအုံများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက မြန်မြန်ဆန်ဆန် စုစည်း တင်ပြပေးရန် လိုအပ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထား သည့် ပြန်လည်ပြုပြင်ရာတွင် လိုက်နာဆောင်ရွက်ရ မည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်း အဆင့်ဆင့် (Standard Operating Procedure – SOP) နှင့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန် စံညွှန်း လမ်းညွှန်ချက်များ – ၂၀၂၅ (MNBC–2025) သည် အဆောက်အအုံများ ပြုပြင်ခြင်းနှင့် အသစ် တည်ဆောက်ရာတွင် များစွာအထောက်အကူပြုမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများက ငလျင် ကာလအလွန် အဆောက်အအုံများ ပြန်လည်ပြုပြင် အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးလုပ်ငန်း များ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ငလျင်ကော်မတီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဥက္ကဋ္ဌတို့က ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ ပြည်သူများအတွက် ပိုမိုကောင်းမွန်သော လူမှု ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရေး ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးအကြံပြု ကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စု ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ် ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# ကျန်းမာရေးစောင့်ရှောက်မှုခံယူနေကြသော တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ပြည်သူများအား စားသောက်ဖွယ်ရာများပေးအပ်ချီးမြှင့်

**စစ်တွေ စက်တင်ဘာ ၄**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်စွာဦး၊ ပြည်နယ်အစိုးရအဖွဲ့ ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ အမှတ်(၁၇) တပ်မတော်ဆေးရုံ ခုတင် (၁၀၀) သို့ သွားရောက်ပြီး ဆေးရုံတက်ရောက်၍ ကျန်းမာရေး စောင့်ရှောက်မှုခံ ယူနေကြသော တပ်မတော်သားများနှင့် မိသားစု ဝင်များ၊ ပြည်သူများကို အားပေး စကားပြောကြားသည်။

ဦးစွာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ခုတင်(၁၀၀)မှ အထူးကုဆရာ ဝန်ကြီးများနှင့် ဆရာဝန်၊ သူနာပြု များအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်ပြီး ဆေးရုံတက်ရောက် ကျန်းမာရေးစောင့်ရှောက်မှုခံယူ နေကြသော တပ်မတော်သားများ နှင့် မိသားစုဝင်များ၊ ပြည်သူများ ကို ကြည့်ရှု၍ တစ်ဦးချင်းစီ၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေး ထားမှုနှင့် ကျန်းမာရေး တိုးတက် ကောင်းမွန်မှု အခြေအနေများ ကို မေးမြန်းအားပေးစကား ပြောကြားကာ ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် တပ်မတော်က ပေးအပ် ချီးမြှင့်သည့် စားသောက် ဖွယ်ရာများကို ပေးအပ်ကာ လှည့်လည်နှုတ်ဆက် အားပေး စကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အမှတ်(၁၇) တပ်မတော်ဆေးရုံ ခုတင်(၁၀၀)မှ အထူးကုဆရာဝန် ကြီးများနှင့် ဆရာဝန်၊ သူနာပြု များအတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ပေးအပ်ချီးမြှင့် သည့် ချီးမြှင့်ငွေနှင့်စားသောက် ဖွယ်ရာများကို ပေးအပ်ကြ သည်။



ထို့နောက် စစ်တွေတပ်နယ်၌ လုံခြုံရေး တပ်ဖွဲ့ဝင်များအား ရခိုင်ပြည်နယ် အစိုးရအဖွဲ့က တည်ခင်း ဧည့်ခံကျွေးမွေးသည့် အထူး နေ့လယ်စာစားပွဲသို့ တက်ရောက်ကြပြီး ပြည်နယ် ဝန်ကြီးချုပ်က နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။ ဆက်လက်၍ တိုင်းမှူးက လုံခြုံရေးဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား ကာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး နှင့် ပြည်နယ်ဝန်ကြီးများက တပ်ဖွဲ့ဝင်များနှင့်အတူ အထူး နေ့လယ်စာကို အတူတကွ သုံးဆောင်ကြကာ တပ်ဖွဲ့ဝင်များ ၏ မိသားစုများအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# လွိုင်ကော်မြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**လွိုင်ကော် စက်တင်ဘာ ၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာန ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေ စုစုပေါင်း ၁၀၀၈ ဒသမ ၆၉၂ သန်းဖြင့် လမ်းရှစ်လမ်း၊ Box Culvert တစ်စင်း တည်ဆောက် ခြင်း လုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး ပြီဖြစ်ပါ၍ ကျေးလက်လမ်း၊ တံတားလုပ်ငန်း များကို ကယားပြည်နယ် လမ်းပန်းဆက်သွယ် ရေးဝန်ကြီး ဦးအောင်မျိုးသန်းနှင့် ပြည်နယ် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ အဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်း စစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြား သည်။

အဆိုပါ လမ်း၊ တံတား လုပ်ငန်းများပြီးစီးပါက ကျေးရွာခြောက်ရွာ၊ အိမ်ခြေ ၆၁၄ အိမ်၊ လူဦးရေ ၅၄၈၆ ဦးတို့အတွက် ယခင်ကထက် လမ်းပန်း ဆက်သွယ်ရေး လွယ်ကူချောမွေ့မည်ဖြစ်ပြီး လူမှု စီးပွားကဏ္ဍများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

# ပါကစ္စတန်နိုင်ငံက အိမ်နီးချင်း အာဖဂန်နစ္စတန်နိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီ ၁၀၅ တန် ပေးအပ်

အစ္စလာမာဘတ် စက်တင်ဘာ ၄

ပါကစ္စတန်နိုင်ငံက အိမ်နီးချင်း အာဖဂန်နစ္စတန်နိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီ ၁၀၅ တန်ကို ပေးအပ်ခဲ့ကြောင်း ပါကစ္စတန် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် အီဟတ်ဒါက ယနေ့ပြောကြားသည်။

အဆိုပါအကူအညီများတွင် အစားအစာ၊ ဆေးဝါးများ၊ ရွက်ဖျင်တဲများ၊ စောင်များနှင့် ဖျာများ ပါဝင်ကြောင်း အီဟတ်ဒါက ဆက်လက်ပြောကြားသည်။

အာဖဂန်နိုင်ငံခြားရေးဝန်ကြီး အာမာခန်မတ်တာခီနှင့် တယ်လီဖုန်းပြောပြီးနောက် ပါကစ္စတန်အစိုးရက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးအကူအညီ ၁၀၅ တန်ကို အာဖဂန်နစ္စတန်သို့ ပေးပို့ခဲ့ကြောင်း ပါကစ္စတန် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် အီဟတ်ဒါက ပြောကြားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှုအတွက် ဝမ်းနည်းကြောင်းနှင့် ဒဏ်ရာရရသူများကို အမြန်ဆုံး ပြန်လည်ကောင်းမွန်လာစေရန် အီဟတ်ဒါက တောင်းဆုပြုခဲ့သည်။

ထို့ပြင် ပါကစ္စတန်၏ သွေးစည်းညီညွတ်မှုကို ပြသပြီး အာဖဂန်ပြည်သူများနှင့်အတူတကွ အမြဲရှိနေမည်ဖြစ်ကြောင်း အီဟတ်ဒါက ပြောကြားခဲ့သည်။ ဩဂုတ် ၃၁ ရက်က အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ ပြင်းအား ၆ ဒသမ ၀ အဆင့်ရှိငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ လူ ၂၂၀၅ ဦး သေဆုံးကာ ၃၆၄၀ ဒဏ်ရာရရှိပြီး အိမ်ခြေထောင်ပေါင်းများစွာ ပျက်စီးခဲ့ကြောင်း အာဖဂန်အာဏာပိုင်များက ပြောကြားသည်။



ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

# ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၏ နာမည်ကျော် ဂလိုရီယာ ကြိုးဆွဲရထားတစ်စင်း ပျက်ကျ၊ ၁၅ ဦးထက်မနည်းသေဆုံး

လစ္စဘွန်း စက်တင်ဘာ ၄

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၏ နာမည်ကျော် ဂလိုရီယာ ကြိုးဆွဲရထားတစ်စင်း ယမန်နေ့တွင် ပျက်ကျခဲ့ရာ ၁၅ ဦးထက်မနည်း သေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

စက်တင်ဘာ ၃ ရက် ညနေ ၆ နာရီခန့်တွင် အဆိုပါမတော်တဆမှုဖြစ်ပွားခဲ့သည်။ သေဆုံးသူများတွင် နိုင်ငံခြားသားအချို့ပါဝင်ပြီး ဒဏ်ရာရသူများအနက် ငါးဦးမှာ စိုးရိမ်ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။



ဂလိုရီယာ ကြိုးဆွဲရထားသည် မြို့တော်၏ အထင်ကရနေရာတစ်ခုဖြစ်သည့် မတ်စောက်သော တောင်ကုန်းပေါ်မှ တောင်အောက်သို့ အတက်အဆင်း ပြေးဆွဲသည့် ကြိုးဆွဲရထားဖြစ်ပြီး လူကြိုက်များသော ခရီးသွားဆွဲဆောင်မှုတစ်ခုလည်းဖြစ်သည်။ ကြိုးဆွဲရထား ပျက်ကျစဉ် ခရီးသည် ၄၀ ကျော် လိုက်ပါခဲ့ကြောင်း ဒေသတွင်း မီဒီယာများက သတင်းဖော်ပြသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ကမ္ဘောဒီးယားနိုင်ငံတွင် ယခုနှစ် ပထမရှစ်လအတွင်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ၇ ဒသမ ၂ ဘီလီယံ ရရှိ

ဖနောင်ပင် စက်တင်ဘာ ၄

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမရှစ်လအတွင်းနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ၇ ဒသမ ၂ ဘီလီယံကို ဆွဲဆောင်ခဲ့ကြောင်း ကမ္ဘောဒီးယား ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ၏ စက်တင်ဘာ ၄ ရက်တွင် ထုတ်ပြန်သည့်မှတ်တမ်းအရ သိရသည်။

ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ရင်းနှီးမြှုပ်နှံမှု စီမံကိန်း ၄၉၁ ခုကို အတည်ပြုဆောင်ရွက်ခဲ့ကာ အလုပ်အကိုင် ၃၃၉၀၀၀ကို နိုင်ငံသားများအတွက် ပေးနိုင်ခဲ့သည်။ ကုန်ထုတ်လုပ်မှု၊ အခြေခံအဆောက်အအုံ၊ စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများရှိ စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးဆောင်ရွက်သည့်နိုင်ငံဖြစ်ကာ ရင်းနှီးမြှုပ်နှံမှု၏ ၅၂ ဒသမ ၈၂ ရာခိုင်နှုန်းရှိသည်။ ဒေသတွင်းပြီးပြည့်စုံသည့် လွတ်လပ်စွာ ကုန်သွယ်မှုဆိုင်ရာသဘောတူညီချက်နှင့် တရုတ်နိုင်ငံ၊ တောင်ကိုရီးယား၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များသည် ကမ္ဘောဒီးယားနိုင်ငံသို့ ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ ဝင်လာစေရေးအတွက် အဓိကအကြောင်းအရင်းဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချက်က ပြောကြားသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၉-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၄၅ | ၃၀၅၅ | ၃၀၂၅ | ၂၉၆၀ | ၃၀၆၅ | ၃၀၈၀ | ၃၀၉၅ | ၃၀၁၅ | ၄၅၀၅ | ၃၃၃၀ | ၃၀၃၀ | ၃၀၃၅ | ၃၁၀၅ | ၃၀၇၀ | ၃၀၉၀ | ၃၃၄၅ |
| 95 Ron | ၃၀၁၀ | ၃၁၂၀ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၀ | ၃၀၈၀ | ၄၅၆၀ | ၃၃၇၅ | ၃၀၉၅ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၅၅ | ၃၄၁၀ |
| HSD (500 ppm) | ၂၅၆၀ | ၂၆၇၅ | ၂၆၄၀ | ၂၅၇၅ | ၂၆၈၀ | ၂၆၉၅ | ၂၇၁၀ | ၂၆၃၀ | - | ၂၉၂၅ | ၂၆၅၀ | ၂၆၅၀ | ၂၇၂၀ | ၂၆၈၅ | ၂၇၀၅ | ၂၉၆၅ |
| HSD (50 ppm) | ၃၁၇၀ | ၃၂၈၀ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၀ | ၃၂၄၀ | ၄၈၃၀ | ၃၅၃၅ | ၃၂၅၅ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၁၅ | ၃၅၇၀ |
| HSD (10 ppm) | ၃၁၇၀ | ၃၂၈၀ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၀ | ၃၂၄၀ | - | ၃၅၃၅ | ၃၂၅၅ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၁၅ | ၃၅၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၇၆ | ၂၈၆၅ |
| 95 Ron | ၂၈၃၉ | ၂၉၂၉ |
| HSD (500 ppm) | ၂၄၀၄ | ၂၄၈၂ |
| HSD (50 ppm) | ၂၉၉၄ | ၃၀၈၃ |
| HSD (10 ppm) | ၂၉၉၄ | ၃၀၈၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




# မော်လမြိုင်မြို့၌ လေထုသန့်ရှင်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆွေးနွေး

မော်လမြိုင် စက်တင်ဘာ ၄

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၅ ခုနှစ် စက်တင်ဘာ ၇ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ လေထုသန့်ရှင်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်ခရိုင်ရုံး လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းကျော်က လေထုညစ်ညမ်းမှု ဖြစ်ပေါ်ရသည့် အကြောင်းရင်း၊ လေထုအကြောင်း၊ လူသားတို့အပေါ် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ၊ လေထုညစ်ညမ်းမှု ဖြစ်ပေါ်ရသည့် အမျိုးအစားများ၊ လေထုတွင်ပါဝင်သော ဓာတ်ငွေ့များအကြောင်းကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၃ ရက်တွင် ချင်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တီးတိန်မြို့ စကောလမ်းရပ်ကွက်၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စက်တင်ဘာ ၂ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် ၁၆ စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကျိုက်ထိုမြို့နယ် ဘိုက္ကားကျေးရွာ၌ ယာဉ် ၁၅ စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃၈ မျိုး၊ လူသုံးကုန်ပစ္စည်း ၆၇ မျိုး၊ စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၁၂၃၆၂၀၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck ကိုးစီး၊ Hino Profia Truck သုံးစီး၊ Isuzu Giga Truck နှစ်စီး၊ Doh Shwe Myanmar Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၄၂၃၆၂၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၂၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကလေးမြို့နယ်နှင့် ရွှေဘိုမြို့နယ်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)ကိုလည်းကောင်း၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၈ မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၄၉၅၈၈၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၇၅၈၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မွန်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့အတူ စက်တင်ဘာ ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုတ္တမဆိပ်ကမ်း၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ် တစ်စင်းပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ကိုးမျိုး၊ လူသုံးကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုး ငွေ ၁၁၂၀၆၈၇၅၇၅ ကျပ်) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် M.V Yadanar Win ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၅၀၀၀၀၀၀၀၀) နှင့် ပန်းဘဲတန်းမြို့နယ် (၂၈)လမ်း အလယ်ဘလောက်ရှိ လျှပ်စစ်ပစ္စည်း အရောင်းဆိုင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အိမ်သုံးလျှပ်စစ်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၀၀၀၀) တို့ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်၊ ဒဂုံမြို့သစ်မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် ၁၀ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၆၂၇၀၂၇၅၇၅ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စက်တင်ဘာ ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ် တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် သုည ဒသမ ၃၉၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၇၂၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၇၉၇၂၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၉ ရက်၊ စက်တင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၈၄မှု (ခန့်မှန်းတန်ဖိုးငွေ ၄၅၁၀၁၄၈၉၇၅ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# နေအိမ်ရေဝင်ရောက်သည့် ပြည်သူများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်

**လွိုင်ကော် စက်တင်ဘာ ၄**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက် ဥတ္တရာရုံဘုန်းတော်ကြီးကျောင်းရှိ ရေဘေးရှောင်ပြည်သူများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား စားသောက်ဖွယ်ရာများပေးအပ်၍ ဘီလူးချောင်းရေဝင်ရောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက် ဥတ္တရာရုံဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသည့် ယာယီရေဘေးကယ်ဆယ်ရေးစခန်းတွင် ဘီလူးချောင်းရေမြင့်တက်နေမှုကြောင့် ယာယီရွှေ့ပြောင်းနေထိုင်လျက်ရှိသည့် မင်းစုရပ်ကွက် ရေဝင်ရောက်နေအိမ်များမှ ပြည်သူများနှင့် ဒီးမော့ဆိုမြို့နယ် ကျေးရွာများမှ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက ပြည်သူများအတွက် လိုအပ်သည်များ ကူညီပေးနိုင်ရန် ကြိုတင်စီမံထားရှိပါကြောင်း၊ ရေဘေးသင့်ပြည်သူများ လတ်တလောနေထိုင်စားသောက်မှု အဆင်ပြေစေရေး အခြေခံစားသောက်ကုန်များကို ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး ရေဘေးသင့်ပြည်သူများ၊ ယာယီနေရပ်စွန့်ခွာပြည်သူများအား ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥများနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ပြည်သူ ၄၁ ဦးအတွက် တစ်ပတ်စာ ဆန်ဖိုးငွေများကို ပေးအပ်ကာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် ကြက်ဥများ ပေးအပ်ကြသည်။

ထို့နောက် မြို့လယ်ကန္ဒရဝတီတံတားနှင့် ဘီလူးချောင်းတံတား(ရှမ်းပိုင်း)၊ မင်းစုရပ်ကွက် မင်းကျောင်းကန်များနှင့် အနိမ့်ပိုင်းရပ်ကွက် အချို့တွင် ရေဝင်ရောက်နေမှုအခြေအနေများနှင့် ဘီလူးချောင်းရေမြင့်တက်၍ ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန်အတွက် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## မော်ဘီမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

**မော်ဘီ စက်တင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာလုပ်ငန်းအဖွဲ့က ဦးဆောင်၍ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့်ပတ်သက်၍ သိရှိစေရန် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို စက်တင်ဘာ ၂ ရက်က အဖွဲ့(၃)ဖွဲ့ဖြင့် အမှတ်(၁)ရပ်ကွက်၊ ဘန့်ဘွေးကုန်း ကျေးရွာအုပ်စုနှင့် လှပဒါးကျေးရွာအုပ်စုတို့၌ ဆောင်ရွက်ခဲ့သည်။



ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းက အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အစီအစဉ်ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ် ရွေးကောက်ပွဲအရာရှိ ဒေါ်တင်ဇာလွင်က မဲပေးစက်နှင့်ပတ်သက်သည့် အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် ရွေးကောက်ပွဲအရာရှိ ဒေါ်တင်ဇာလွင်နှင့် အဖွဲ့ဝင်များက ဦးဆောင်၍ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ခဲ့ကြရာ မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ(မော်ဘီ)

## မြောက်ဥက္ကလာပမြို့နယ်၌ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များအတွက် စားပွဲခုံနှင့် ပလတ်စတစ်ထိုင်ခုံများ ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်တွင် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များအတွက် စားပွဲခုံနှင့် ပလတ်စတစ်ထိုင်ခုံများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ခန်းမတွင် ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်လောဟာက အမှာစကားပြောကြားသည်။

ထို့နောက် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များထံသို့ စားပွဲခုံ ၁၁ လုံးနှင့် ပလတ်စတစ်ထိုင်ခုံ ၅၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

○



## ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲကို **"သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲဆောင်ရွက်မှုများ"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်ဆောင်းပါးကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များဖြစ်သည့် ဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်း၊ ဘေးအန္တရာယ်ကျရောက်လာချိန်တွင် တုံ့ပြန်ဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ်ကျရောက်ပြီးနောက် လူသားချင်းစာနာမှုအကူအညီပေးခြင်းနှင့် ဘေးဒဏ်ခံနိုင်ရည်ရှိသော မြို့ရွာများဖြစ်စေရေး ပြန်လည်ထူထောင်တည်ဆောက်ခြင်းဆိုင်ရာ လုပ်ငန်းများတွင် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူလူထု လက်တွဲပူးပေါင်းဆောင်ရွက်မှုများ၊ မိတ်ဆွေနိုင်ငံများ၊ အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ပါဝင်ကူညီဆောင်ရွက်မှုများ အစရှိသည့် အကြောင်းအရာများကို အောက်ဖော်ပြပါစည်းကမ်းချက်များနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

(က) ကွန်ပျူတာစာလုံး(Pyidaungsu)၊ စာလုံးအရွယ်အစား ၁၃(Font Size 13)၊ စာကြောင်း အကွာအဝေး ၁ ဒသမ ၃ (Line Spacing 1.3)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မ ပတ်လည် (Margins 1' ပတ်လည်)၊ Microsoft Word ဖြင့် A4 စာမျက်နှာ ၁၀ မျက်နှာထက်မပိုစေရ။

(ခ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများမဟုတ်ကြောင်းနှင့် ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုလွှာနှင့် ကိုယ်ရေးအချက်အလက် အကျဉ်းတို့ကို ဆောင်းပါးနှင့်အတူ ပေးပို့ရမည်။

(ဂ) သတ်မှတ်ရက်ကျော်လွန်ရောက်ရှိလာသော သတ်မှတ်ချက်များနှင့် မပြည့်စုံသော ဆောင်းပါးများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ပြိုင်ပွဲဝင်စာမူများနှင့် ဆုရစာမူများကို သင့်လျော်သလို တရားဝင်အသုံးပြုသွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသော ဆောင်းပါးများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်မည်ဖြစ်ပြီး ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်ဆောင်းပါးများကို (Hard/ Soft Copy) တစ်စုံစီ၊ ပြိုင်ပွဲဝင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံနှစ်ပုံ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းအမှတ်တို့နှင့်အတူ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ အီးမေးလ်လိပ်စာ cr.research23@gmail.com သို့ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်၊ ညနေ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။

၅။ သို့ဖြစ်ပါ၍ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ်အဖြစ် အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲသို့ စာပေဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

# မိခင်သေဆုံးမှုနှင့် ကလေးသေဆုံးမှု လျှော့နည်းကျဆင်းရေး မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဖွင့်

ဘားအံ စက်တင်ဘာ ၄

ကရင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကရင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် မိခင်နှင့်ကလေး စောင့်ရှောက်မှု သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ဘားအံမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။



**ချီးမြှင့်ပေးအပ်**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သင်တန်းကို သင်တန်းသားသင်တန်းသူ ၄၈၀ ဖြင့် သင်တန်းပေးသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းပြီးဆုံးသည့်အခါ မိမိတို့ကျေးရွာ၊ ရပ်ကွက်များတွင် ရှိကြသော အခြေခံကျန်းမာရေးဝန်ထမ်းများ၏ မိခင်နှင့်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ပိုမိုထိရောက်စွာ ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်း ပြောကြားကာ သင်တန်းစုစုပေါင်း ၁၄ ကြိမ်အတွက် ငွေကျပ် ၁၄ဖ သိန်းကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် သင်တန်းသားသင်တန်းသူများက ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကထံ အသင်းဝင် အဆိုပြုလွှာများကို ပေးအပ်ကြသည်။

ကရင်ပြည်နယ်အတွင်း မိခင်သေဆုံးမှုနှင့် ကလေးသေဆုံးမှု လျှော့နည်း ကျဆင်းရေးအတွက် ရပ်ကွက်၊ ကျေးရွာများရှိ အလွှာအသီးသီးမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများကို ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ အရန်အင်အားအဖြစ် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်နိုင်ရန်၊ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အရည်အသွေးပြည့်ဝသော မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များက ပြည်သူလူထုအကြား ကျန်းမာရေးအသိပညာများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိဖြန့်ဝေနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံပညာရေးဒီဂရီကောလိပ်ရှိ သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများ၏ အထူးနေ့လယ်စာစားပွဲသို့ တက်ရောက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဆရာ ဆရာမလောင်းများအနေဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရင်း အနာဂတ်အတွက် မျိုးဆက်သစ်များ ပြုစုပျိုးထောင်ပေးကြစေလိုကာ မိမိကိုယ်ကိုလည်း အရည်အသွေးပြည့်ဝသော ဆရာများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

**အားပေးစကားများ ပြောကြား**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အထူးနေ့လယ်စာအတွက် ငွေကျပ် ၁၈ သိန်းကို ကျောင်းအုပ်ဆရာမကြီးနှင့် သင်တန်းသားသင်တန်းသူများထံ ပေးအပ်ပြီး ဘားအံပညာရေးဒီဂရီကောလိပ်ရှိ သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများနှင့်အတူ အထူးနေ့လယ်စာကို အတူတကွ သုံးဆောင်ကာ ရင်းနှီးနွေးထွေးစွာ လိုက်လံတွေ့ဆုံ နှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# မအူပင်မြို့နယ်အတွင်း ရန်ပုံငွေစီမံကိန်းနှင့် အကျုံးမဝင်သည့် တောင်သူများထံသို့ သွင်းအားစုဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်

မအူပင် စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်း ရန်ပုံငွေစီမံကိန်းနှင့် အကျုံးမဝင်သည့် တောင်သူများထံသို့ သွင်းအားစုဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျုံစုတ်ကျေးရွာ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက အမှာစကားပြောကြားပြီး မအူပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမနားကီးက တောင်သူများထံသို့ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးလျက်ရှိသော သွင်းအားစုဓာတ်မြေဩဇာများအကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးတက်စေရေးအတွက် စိုက်ပျိုးရေးနည်းလမ်းများ အသိပညာပေးပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူများက ရန်ပုံငွေစီမံကိန်းနှင့် အကျုံးမဝင်သည့်တောင်သူ ၄၀၊ စိုက်ပျိုးမြေဧက ၆၀၇၁ ဧကအတွက် ယူရီးယားဓာတ်မြေဩဇာအိတ် ၆၃၀၊ ကွန်ပေါင်း ၂၂၈ အိတ်တို့ကို လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**




# အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေး

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော စက်မှုဇုန်(၅)ရှိ ပင်လယ်ပြာအအေးခန်းစက်ရုံမှ အာမခံအလုပ်သမား ဦးရဲမင်းထွန်း အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေးခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးတာဝန်ခံအရာရှိက အလုပ်ရှင်အလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားပြီး ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၇၄၄၀၀၀၀ အား ကျန်ရစ်သူဇနီး ဒေါ်ခင်မာဝင်းထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း (ရွှေပြည်သာ)**




တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးအောင်ဆွေဝင်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်သူရတို့ ဦးဆောင်သောအဖွဲ့များက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဟိုတယ်များ၌ မီးဘေးလုံခြုံရေး ဆောင်ရွက်ထားမှုအခြေအနေများကို စက်တင်ဘာ ၄ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ ခရိုင် (ပြန်/ဆက်)

# မင်းလှမြို့နယ်၌ ကူးစက်ရောဂါဖြစ်ပွားမှုများ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

မင်းလှ စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ပြည်သူလူထုအတွင်း ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရေး၊ ဖြစ်ပွားမှုတွေ့ရှိပါက လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆင်တဲကုန်းအုပ်စု အလယ်ကုန်းကျေးရွာရှိ အသက် ၁ နှစ်နှင့် ၇ လအရွယ် ကလေးငယ်တစ်ဦးတွင် ဖျားနာပြီး အနီစက်များထွက်ရှိကြောင်း တွေ့ရှိရသဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများနှင့် ကျေးလက်ကျန်းမာရေးဌာနဝန်ထမ်းများပူးပေါင်း၍ အဆိုပါကျေးရွာသို့ ကွင်းဆင်းပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ ဝက်သက်ရောဂါဖြစ်ပွားမှု ရှိ/မရှိ ဓာတ်ခွဲဌာနသို့ ပေးပို့စစ်ဆေးခြင်း၊ ကျေးရွာအတွင်း အလားတူ သံသယလူနာများ ရှာဖွေခြင်း၊ ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်း၊ ကူးစက်ရောဂါနှင့် ပတ်သက်သည့်ကျန်းမာရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

✤ ကျောဖုံးမှ

အသင်းတွင် မြန်မာအသင်းမှ တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်း၊ ကွင်းလယ်ကစားသမား ဖြူဖြူဝင်း၊ နောက်ခံလူ ဇွန်ယုယဦးနှင့် မေသက်မွန်မြင့်၊ ဂိုးသမား မျိုးမြမြငြိမ်းတို့ ပါဝင်လာပြီး ချန်ပီယံ ဩစတြေးလျအသင်းမှ သုံးဦး၊ ဖိလစ်ပိုင်အသင်းမှ နှစ်ဦး၊ ဗီယက်နမ်အသင်းမှ တစ်ဦး ရွေးချယ်ခံရသည်။ အကောင်းဆုံးအသင်းတွင် ဂိုးသမား မျိုးမြမြငြိမ်း (မြန်မာ)၊ နောက်တန်း – မေသက်မွန်မြင့်၊ ဇွန်ယုယဦး(မြန်မာ)၊ ဟာလီလောင် (ဖိလစ်ပိုင်)၊ ဆာရှာဂရော့ (ဩစတြေးလျ)၊ အလယ်တန်း– ဖြူဖြူဝင်း (မြန်မာ)၊ တိုလန်တင်(ဖိလစ်ပိုင်)၊ ငုယင်သီဘီသွေ (ဗီယက်နမ်)၊ မက်ကင်နာ (ဩစတြေးလျ)၊ ရှေ့တန်း–ဝင်းသိင်္ဂီထွန်း (မြန်မာ)နှင့် ဟိုလီဖာဗီ (ဩစတြေးလျ) တို့ ပါဝင်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းသည် ပြိုင်ပွဲတစ်လျှောက် အတက်ကြွဆုံးကစားသမားဆု (Most Dynamic Player of the Tournament) ရရှိခဲ့သည်။ ထို့ပြင် ဝင်းသိင်္ဂီထွန်းသည် သွင်းဂိုး ခုနစ်ဂိုးဖြင့် ပြိုင်ပွဲ၏ ဂိုးသွင်းအများဆုံးဆု ရရှိခဲ့သလို ဂိုးသမား မျိုးမြမြငြိမ်းမှာလည်း ပြိုင်ပွဲ၏ အကောင်းဆုံးဂိုးသမားဆုရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် မြန်မာအသင်းက ဒုတိယဆု ရရှိခဲ့ပြီး ဩစတြေးလျအသင်းက ချန်ပီယံဆု၊ အိမ်ရှင်ဗီယက်နမ်အသင်းက တတိယဆု ရရှိခဲ့သည်။

**သတင်း–ကိုညီလေး**
**ဓာတ်ပုံ–AFF**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံပွဲ ကျင်းပ

ပေါင်းတည် စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ကိန်းဝပ်စံပယ်လျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် ယနေ့နံနက် ၈ နာရီက တစ်နှစ်တာကိန်းဝပ်လျက်ရှိသော မြတ်စွယ်တော်တိုက် ဖွင့်ပွဲအခမ်းအနားနှင့် မွန်းလွဲ ၁ နာရီတွင် မြို့ပေါ် ၁၂ ရပ်ကွက်သို့ လှည့်လည်အပူဇော်ခံပွဲတို့ကို ဆင်ယင်ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရွှေကျောင်းကြီးတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုန္ဒရ အမှူးပြုသော သံဃာတော်များနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့်အဖွဲ့ဝင်များ၊ မြတ်စွယ်တော်ဂေါပကအဖွဲ့နှင့် အကျိုးတော်ဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖပြည်သူများ တက်ရောက်ကြပြီး ဆရာတော် ဘဒ္ဒန္တသုန္ဒရ ကြီးမှူး၍ မြတ်စွယ်တော်တိုက်အား ဖွင့်လှစ်ကာ အပူဇော်ခံရွှေကျောင်းဆောင်ပေါ်သို့ ပင့်ဆောင်၍ အပူဇော်ခံသည်။

ထို့နောက် မွန်းလွဲ ၁နာရီတွင် မြတ်စွယ်တော်အား ဆင်တော်ဖြင့် ပင့်ဆောင်ကာ မြို့ပေါ်သို့ စည်ကားသိုက်မြိုက်စွာ လှည့်လည်အပူဇော်ခံပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ ပေါင်းတည်မြတ်စွယ်တော် အပူဇော်ခံပွဲကို တော်သလင်းလပြည့်နေ့အထိ အပူဇော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေသား(ပြန်/ဆက်)



## လျှပ်စစ်သုံးယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Qingdao CRRC Sifang Rolling Stock Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးယာဉ်များနှင့် Innogen Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ် နိုင်ငံထုတ် GAC Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## စစ်တောင်းမြစ်ရေ တောင်ငူမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၄

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေ သည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက် ၁ ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အံတော်ရှင်တောင်တန်းသာသနာပြု(ဗဟို) ကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၈ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်မာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အံတော်ရှင်တောင်တန်းသာသနာပြု(ဗဟို) ကျောင်းတိုက် ဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်အောင်မြို့နယ်၌ မြေပြင်လူဦးရေစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



မြန်အောင် စက်တင်ဘာ ၄

ဧရာဝတီတိုင်း ဒေသကြီး မြန်အောင်မြို့နယ်အတွင်း မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကို ရပ်ကွက်/ကျေးရွာအုပ်စုများတွင် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက မြန်အောင်ခရိုင်မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန e-ID Server အတွင်းရှိ ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်းကို ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်တွင် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းများအား မြန်အောင် မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ မြန်အောင်မြို့ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၆)ရပ်ကွက်တို့၌ ခရိုင်မြေပြင်ကွင်းဆင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ မြန်အောင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ အဖွဲ့ဝင် ဦးတင်အောင်ဝင်း၊ မြို့နယ်မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့် အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်မြင့်တို့က စာရင်းများ ပြည့်စုံမှန်ကန်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝင်းဗိုလ် (ပြန်/ဆက်)

## တောင်ကြီးမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

တောင်ကြီး စက်တင်ဘာ ၄

တောင်ကြီးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဟိုတယ်၊ တည်းခိုခန်း၊ စားသောက်ဆိုင်နှင့် ဝန်ဆောင်မှုလုပ်ငန်းရှင်များအား ပြေစာအခွန် အမှတ်တံဆိပ်ကပ်နိုင်ရန် အခွန်အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဆန်းမြင့်ဦးက နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေရရှိရေးကို တည်ဆဲ အခွန်ဥပဒေများနှင့်အညီ စည်းကြပ်ကောက်ခံရမည် ဖြစ်သည့်အတွက် အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အခွန်ပေးဆောင်မှုလုပ်ငန်းစဉ်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



**"လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့"**




## အမြဲတမ်းမသန်စွမ်းမှု ငွေလုံး/ငွေရင်းထုတ်ပေး

ရွှေပြည်သာ စက်တင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီးရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသောဌာနမှ အာမခံအလုပ်သမား လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်ငွေလုံး/ငွေရင်း ထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

ဦးစွာ လူမှုဖူလုံရေးအဖွဲ့ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦး က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ရုံးတွင်အကျုံးဝင်မှတ်ပုံတင်ထားသော Guan Hui Packing မှ အာမခံအလုပ်သမား ဦးစံရွှေ လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေလုံး/ ငွေရင်း ငွေကျပ် ၄၂၃၆၀၀ အား အလုပ်ဌာနမှ တာဝန်ရှိသူများ ရှေ့မှောက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

ပဲခူး စက်တင်ဘာ ၄

ပဲခူးမြို့ ဥဿာမြို့သစ်ရှိ တိုင်းဒေသကြီး အားကစားဥယျာဉ် မိုးလုံလေလုံအားကစားရုံ၌ စက်တင်ဘာ ၄ ရက် မွန်းလွဲပိုင်းက ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ခြင်းလုံးဝါသနာရှင်ပြည်သူများက အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။




ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရာ တက်သစ်စ အမျိုးသမီးကစားသမားဆုရရှိသူ အိမ့်မြတ်မြတ်မိုး(ရှမ်းပြည်နယ်အသင်း)နှင့် တက်သစ်စ အမျိုးသားကစားသမားဆုရရှိသူ ဟိန်းဇော်ဝင်း (ရန်ကုန်တိုင်းဒေသကြီးအသင်း)တို့အား မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်းသောင်း နှင့် ဦးဝင်းတင့်တို့က ဂုဏ်ပြုအမှတ်တရလက်ဆောင် ပေးအပ်ပြီး အကောင်းဆုံး အမျိုးသမီးကစားသမားဆု ရရှိသူ ခင်ပပမျိုး(မန္တလေးတိုင်းဒေသကြီးအသင်း) နှင့် အကောင်းဆုံး အမျိုးသားကစားသမားဆုရရှိသူ ဇေယံစိုး(ပဲခူးတိုင်းဒေသကြီးအသင်း)တို့အား မြန်မာ နိုင်ငံခြင်းလုံးအဖွဲ့ချုပ်နာယက ဦးစိုးတင့်နှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းတို့က ဂုဏ်ပြု ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် အမျိုးသမီး လေးပေါက်တန်းပြိုင်ပွဲ တွင် တတိယဆုရရှိသော ပဲခူးတိုင်းဒေသကြီးအသင်း အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ခုနစ်သိန်း ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်စိုးက လည်းကောင်း၊ အမျိုးသား ခြောက်ပေါက်တန်းပြိုင်ပွဲတွင် တတိယဆုရရှိသော ပဲခူးတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ် နှင့် ငွေသားဆု ခုနစ်သိန်းကို တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောလင်းအောင်က လည်းကောင်း၊ အမျိုးသမီး လေးပေါက်တန်းပြိုင်ပွဲတွင် ဒုတိယဆုရရှိ သော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု ၁၀ သိန်းကို လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေက လည်းကောင်း၊ အမျိုးသား ခြောက်ပေါက်တန်းပြိုင်ပွဲတွင် ဒုတိယဆု ရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ၁၀ သိန်းကို လူမှုရေးရာဝန်ကြီးက လည်းကောင်း၊ အမျိုးသမီး လေးပေါက်တန်းပြိုင်ပွဲတွင် ပထမဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု ၁၅ သိန်းကို သယံဇာတ ရေးရာဝန်ကြီး ဦးတင်သိန်းက လည်းကောင်း၊ အမျိုးသားခြောက်ပေါက်တန်းပြိုင်ပွဲတွင် ပထမဆုရရှိ သော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု ၁၅ သိန်းကို စီးပွားရေးရာ ဝန်ကြီး ဦးတင်ဦးက လည်းကောင်း ချီးမြှင့်ပေးအပ်ကြ သည်။

ဆက်လက်၍ အမျိုးသမီး လေးပေါက်တန်းပြိုင်ပွဲ တွင် တံခွန်စိုက်ဆုရရှိသော မန္တလေးတိုင်းဒေသကြီး အသင်းအား အမျိုးသမီးတံခွန်စိုက်ဆုကို အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာ နိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ဦးထိန်လင်းက ချီးမြှင့်ပေးအပ်ပြီး အမျိုးသား ခြောက်ပေါက်တန်းပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တံခွန်စိုက်ဆုချီးမြှင့် ပေးအပ်ခဲ့ကြပြီး ပြိုင်ပွဲကြီးကြပ်ရေးဒိုင်အဖွဲ့များအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



သန်လျင်မြို့နယ် ပုဂံတောင်စိုက်ပျိုးရေးနှင့် အထွေထွေ ရောင်းဝယ်ရေး သမဝါယမအသင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် သန်လျင်မြို့နယ် သမဝါယမအသင်းစု အစည်းအဝေး ခန်းမ၌ ကျင်းပစဉ်။ သန်းဝင်း(သန်လျင်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးအောင်မြင့် ဦးစီးတပ်ဖွဲ့ဝင် အင်အား ၁၅၀၊ အင်းစိန်အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာခင်သိင်္ဂီမြင့်နှင့် ဝန်ထမ်း ၇၀၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် ဝန်ထမ်း ၂၉ ဦးတို့က အင်းစိန်အထွေထွေ ရောဂါကုဆေးရုံကြီး အတွင်း/အပြင်တို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ ဇင်မင်းထိုက်(ပြန်/ဆက်)

## ✪ MNL ယူ-၂၁ မှ

ပွဲစဉ်(၁၈)အပြီးတွင် အား/ကာသိပ္ပံအသင်းနှင့် ဒဂုံစတားယူနိုက်တက် အသင်းက ၄၂ မှတ်စီ၊ ရန်ကုန်ယူနိုက်တက်အသင်းက ၃၇ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၃၆ မှတ်၊ Junior Lions အသင်းက ရမှတ် ၃၀၊ Falcon အသင်းက ၂၈ မှတ်၊ သစ္စာအားမာန်အသင်းက ၂၇ မှတ်၊ ရွှေဝတီယူနိုက်တက်အသင်းက ၂၅ မှတ်၊ ရတနာပုံအသင်းက ၂၁ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ရမှတ် ၂၀၊ ရာမညယူနိုက်တက် အသင်းက ၁၉ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၀ မှတ်၊ Dagon Port အသင်းက ရှစ်မှတ်နှင့် မဟာယူနိုက်တက်အသင်းက ငါးမှတ် ရရှိထားသည်။

**သတင်း - ချစ်ကိုကို၊ ဓာတ်ပုံ - MNL**

# ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် စက်တင်ဘာ ၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေ ဖြန့်ချိလျက်ရှိသည်။

စက်တင်ဘာ ၆ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၇) အမှတ်(၃၆)တွင် ဖခင်ရှင်းပြလိုက်သောကြောင့် "တစ်သက်လုံး စိတ်ချမ်းသာချင်ရင် သစ်ပင်စိုက်"ဆိုသည့် စကားကို ကောင်းစွာနားလည်သဘောပေါက်သွားသည့် ပုပုအကြောင်းကို သရုပ်ဖော်ထားသည့် "သစ်ပင်စိုက်ကြစို့"မျက်နှာဖုံးကာတွန်း၊ နေပြတ်တောက် ခြင်းအကြောင်းကို ဗဟုသုတဖြစ်ဖွယ်ရေးသားထားသည့် "နေပြတ်တောက် ခြင်း"သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ပေးပို့သော လက်ရာများကို ဖော်ပြထားသည့် "ရွှေသွေးတို့ လက်ရာ"ပန်းချီကဏ္ဍ၊ လူဆိုးများဖမ်းထား ခြင်းခံရသော ကုန်သည်များတွင် ဉာဏ်ကောင်းသည့် မောင်စိတ္တကြောင့် သူတို့အားလုံး လွတ်မြောက်သွားပြီး လူဆိုးများ ပြန်လည်ဖမ်းဆီးခံထား ရသည်ကို သရုပ်ဖော်ထားသည့် "အမေပြောသောပုံပြင်များ" နှစ်မျက်နှာ ကာတွန်း၊ ဆရာကြီး၏ ဆုံးမစကားကို လေးစားလိုက်နာ၍ ကြိုးစားခဲ့ သောကြောင့် အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိခဲ့သော သံလုံးအကြောင်း ကို ရေးသားထားသည့် "ကျောက်ရိုင်းတစ်ပွင့်"ဝတ္ထုကဏ္ဍ၊ မူးယစ် ဆေးဝါးအကြောင်း စာစီစာကုံးနှင့် ပတ်သက်၍ ကိုဇေထုံနှင့် မောင်ရွှေသွေး တို့ ပြောဆိုကြပုံအကြောင်းကို သရုပ်ဖော်ထားသည့် "မောင်ရွှေသွေး + ဇေထုံ"တစ်မျက်နှာကာတွန်း၊ သူတစ်ပါးကို လှည့်စားကာ အမြတ်ထုတ် ချင်သော ဦးအတ္တနှင့် ငွေဒင်္ဂါးအိတ်ကောက်ရသော ရိုးသားသည့် ကောင်လေးတို့အကြောင်း ရေးသားထားသည့် "လောဘကြီးသူနှင့် ရိုးသားသူ"ပုံပြင်ကဏ္ဍ၊ ကလေးတို့စိတ်ကြိုက် အရောင်လေးများ ခြယ်သနိုင်မည့်"ဆေးရောင်လှလှခြယ်ကြရအောင်"ကဏ္ဍ၊ စာကြည့်ရမှာ




ပျင်းသော လင်းထက်မှာ သူ့အဖေ၏ စာကြည့်မျက်မှန်ကို ငှား၍ စာကြည့်လျှင် မပျင်းတော့မှာဘဲလို့ တွေးထားပုံကို သရုပ်ဖော်ထားသည့် "လင်းထက်နှင့် စာကြည့်မျက်မှန်" နှစ်မျက်နှာကာတွန်း စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ✧ ONE Fight Night 36 မှ

အောင်လအန်ဆန်သည် ဆွီဒင်ဖိုက်တာ ကိတ်စတန်နှင့် ထိုးသတ်ရမည်ဖြစ်ပြီး အသက် ၄၀ ကျော်လာပြီဖြစ်သည့် အောင်လအန်ဆန် သည် နောက်ဆုံးပွဲလည်းဖြစ်သည်။ အောင်လ အန်ဆန်သည် ယခုနှစ် ဖေဖော်ဝါရီလက ထိုးသတ်ခဲ့သည့် တူကီယဲဖိုက်တာ အာဒိုဂန်နှင့် ပွဲအပြီးတွင် အနားယူရန် စီစဉ်ခဲ့သော်လည်း အစီအစဉ်ပြောင်းကာ နောက်တစ်ပွဲထိုးသတ် ပြီးမှ အနားယူခြင်းဖြစ်သည်။ ONE Cham-pionship အဖွဲ့တွင် ဆယ်စုနှစ်တစ်ခုကျော်ကြာ ထိုးသတ်ပြီး မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီး ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ပိုင်ရှင်အဖြစ် ရပ်တည်ခဲ့ဖူးသော အောင်လအန်ဆန်အတွက် နောက်ဆုံးပွဲ စီစဉ်ပေးခြင်းဖြစ်ပြီး မြန်မာ ပရိသတ်အများအပြားရှိသည့် ထိုင်းနိုင်ငံ၌ ကျင်းပမည့် ONE Fight Night 36 ပြိုင်ပွဲတွင် ထည့်သွင်းခဲ့ခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၁၇ ခုနှစ် ဇွန်လမှ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအထိ၊ လိုက်ဟဲဗီး ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၁ ခုနှစ် ဧပြီလအထိ ထိန်းသိမ်းနိုင်ခဲ့ပြီး အအောင်မြင်ဆုံးကာလကို ပိုင်ဆိုင်နိုင်ခဲ့သည်။ အောင်လအန်ဆန်သည် ဝိတ်တန်းနှစ်ခု ချန်ပီယံခါးပတ်နှစ်ခု လက်လွှတ် ခဲ့ရပြီးနောက် မစ်ဒယ်ဝိတ်တန်းစိန်ခေါ်ပွဲ ခုနစ်ပွဲ အထိ ထိုးသတ်ခဲ့ပြီး ချန်ပီယံခါးပတ်စိန်ခေါ်ခွင့် ရရန် ပြန်လည်ကြိုးပမ်းသော်လည်း အဆင် မပြေခဲ့ပေ။

ONE Fight Night 36 ပြိုင်ပွဲကို အမေရိကန် ပရိသတ်များအတွက် ရည်ရွယ်ကျင်းပသော ကြောင့် မြန်မာစံတော်ချိန် အောက်တိုဘာ ၄ ရက် နံနက် ၇ နာရီတွင် ထိုင်းနိုင်ငံ၌(အမေရိကန် စံတော်ချိန် အောက်တိုဘာ ၃ ရက် ည ၉ နာရီ) ကျင်းပမည်ဖြစ်ပြီး နာမည်ကြီးဖိုက်တာ များ လည်း ပါဝင်ထိုးသတ်မည်ဖြစ်ကြောင်း သိရ သည်။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - ONE**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၂-ခ (ကံဘဲ့)၊ မြေကွက်အမှတ်- ၁၉/တ-၁/ဘီ+၁၉/ထ-၁/ဘီ၊ဧရိယာ-(၀.၀၉၁)ဧက အကျယ်အဝန်းရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၄)ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေအမည်ပေါက်သူများဖြစ်သော (၁) ဦးအောင်သူ [၁၂/မဂတ(နိုင်) ၀၀၃၂၁၅]၊ (၂) ဒေါ်ဆိုဖီယာ [၈/သရန(နိုင်)၀၅၅၄၈၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေများ တရားဝင်အမည်ပေါက်ပိုင်ဆိုင်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၃)**
**ရုံးခန်းအမှတ်- ၅၊ ပထမထပ်၊Strand Condominium၊**
**အမှတ်-၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၅၀၀၃၉၂၁၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ခမုံဆိပ်ကျေးရွာအုပ်စု၊ တာတောင်ကျေးရွာနေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြသန္တာအောင်၏သားဖြစ်သူ မောင်တာရာ မင်းမင်း [၇/လပတ(နိုင်)၁၉၂၄၄၄]သည် မိဘ၏ဆိုဆုံးမမှုအား နားမထောင်ဘဲ ၎င်းသဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားပြီး၊ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန် အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ထို့ကြောင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်မြသန္တာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေနိုင်ဦး (LL.B, DBL, DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၉၃၆)**
**အခန်း (A-14)၊ ပထမထပ်၊ အမှတ် - ၅၀၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၁၁၇၁၉၈၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်-(ပပ-၅၅)၊ ဦးပိုင်အမှတ်- (၇၄)၊ ၅၇x၅၈ ကြား၊ ၁၃၆x၁၃၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နွယ်ဦးမွန် [၁၃/မဆတ(နိုင်)၀၄၄၅၁၀]က အမှုတွဲအမှတ် (၂၁၁၈/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်-(အ-၁၄)၊ ဦးပိုင်အမှတ်- (၁၀)၊ ၆၅ လမ်း၊ ၁၁၉x၁၂၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စောမူ(ခ)ဒေါ်ခင်စောမူ၊ ဦးစောအောင်၊ ဦးစောနိုင်၏ (GP ရရှိသူ ဒေါ်နန်းခင်နုရီ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၇၈၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးစံရှိန် [၉/မရမ(နိုင်)၀၂၇၀၄၆] က အမှုတွဲအမှတ် (၂၃၂၈/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်- (နန-၁၁)၊ ဦးပိုင်အမှတ်- (၂၁)၊ ၆၀(B)လမ်း၊ ၁၃၂x၁၃၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လမင်းထိုက်၊ ဦးကျော်ဇင်ထိုက်တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၉၅၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နွဲ့ယဉ်ဝင်း [၅/ကလထ(နိုင်)၁၇၉၇၀၂]က အမှုတွဲအမှတ် (၂၃၃၃/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်-(၆၄၈)၊ ဦးပိုင်အမှတ်- (၂၈-က)၊ ၃၆လမ်း၊ ၇၇x၇၈လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်သီသီစိုးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၇၂၀/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သင်းသင်းအေး [၅/ရဘန(နိုင်)၁၃၀၇၅၀]က အမှုတွဲအမှတ် [၀၂၈၈/ဘ(ပြောင်း) ၂၀၂၅-၂၀၂၆]ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၂၅)၊ မြေအကျယ်အဝန်း (အလျား ၄၀x အနံ ၆၀)ပေရှိ (ဂရန်မူရင်း) မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးမြဟန်(MHN-၀၀၇၈၆၇)**အမည်ဖြင့် မှတ်သားထားပြီး၊ ဆက်စပ်စာချုပ်ဖြင့်လက်ရှိ ပိုင်ဆိုင်ထားသော **ဦးချစ်ဝင်း[၁၂/မရက(နိုင်) ၀၁၇၃၃၃]နှင့် ဦးတာတာလွင် [၇/ရတရ(နိုင်)၀၇၂၆၄၆]**တို့မှ မိမိတို့သာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ရန်ဟွီးဖန် [၁၃/ကလတ(နိုင်)၀၂၈၇၇၀]**မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄) (၉-၂-၂၀၂၂)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း- ၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၃၃၂)၊ မြေအကျယ်အဝန်း (အလျား ၄၀x အနံ၆၀)ပေရှိ (ဂရန်မူရင်း) မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်ချစ်ပို (MUN-၁၄၇၆၉၉)** အမည်ဖြင့် မှတ်သားထားပြီး၊ ဆက်စပ်စာချုပ်ဖြင့်လက်ရှိ ပိုင်ဆိုင်ထားသော **ဒေါ်သီတာမိုး [၁၂/မရက(နိုင်)၁၁၉၀၆၈]**မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်သန္တာဝင်း [၁၂/မရက(နိုင်)၀၁၇၂၀၁]**မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)(၉-၂-၂၀၂၂)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း ၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘ၀မြင့်ရပ်ကွက်၊ မလိခ အိမ်ရာ၊ တိုက်အမှတ် (၂)၊ အခန်း(၂၃)၏ မူလအမည်ပေါက် ဒေါ်ဥမ္မာစံကျော့ [၁၂/ရကန(နိုင်)၀၀၄၂၆၁]ထံမှ ဦးခင်မောင်ကြီး [၁၂/သဃက(နိုင်)၀၂၂၂၈၄]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၈)၊ ဦးပိုင်အမှတ်(၁၂၄)၊ ၆၅x၆၇ကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးပိုင်ထံမှ အပေးစာချုပ်အမှတ် (၄၀၇/၂၀၁၇)ဖြင့် ပေးကမ်းခြင်းကိုလက်ခံခဲ့သူ (သမီး) ဒေါ်အေးအေးရီ [၉/မတရ (နိုင်) ၁၀၆၆၉၀]က အမှုတွဲအမှတ်(၂၃၂၀/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၂၇)၊ ဦးပိုင်အမှတ် (၇၆-စ+၇၆-ဇ)၊ ၈၄လမ်း၊ ၄၁x၄၅ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သော ဦးစိုးဝင်း၊ ဒေါ်တင်တင်မြ၊ ဦးသိန်းငွေးတို့ (၃)ဦးအနက် ဒေါ်တင်တင်မြ၏ (GP ရရှိသော ဦးလွင်ကို၊ ဒေါ်ခင်မျိုးသန့်၊ ဦးနိုင်လင်း)၊ ဦးသိန်းငွေးတို့ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၆၂၄/၂၀၂၅)ဖြင့် လက်ခံခဲ့သူ ဦးစိုးဝင်း [၉/မရတ(နိုင်)၀၁၃၉၉၆]က အမှုတွဲအမှတ်(၀၂၉၀/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၃၇)၊ ဦးပိုင်အမှတ်(၂၃-ဃ)၊ ၈၅လမ်း၊ ၃၆x၃၇လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးကိုလေး ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၄၅/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်ခင်ညိုထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၅၃၀/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးတင်ငြိမ်း [၉/မနမ (နိုင်)၀၄၀၈၇၀]က အမှုတွဲအမှတ်(၀၂၈၉/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်တစ်ဦးတည်း ဖြစ်ပါသည်

